# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# ဒုတိယနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | (က) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ ခန္တီးမြို့နယ်တွင် ပါရှိသော ပါးရိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ပါးရိုကျေးရွာ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | (ခ) ဦးစိုးမြင့်၊ ပင်းတယ မဲဆန္ဒနယ်၏ ပင်းတယမြို့နယ်၊ ပြည်သူ့ဆေးရုံကို ခုတင် (၅၀)ဆံ့ ဆေးရုံအဖြစ်မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၇ | (ဂ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ ဆားလင်းကြီးမြို့နယ်အတွင်းရှိ မတောင့်တကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က "(၁၈၆၁)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း | ၉ |
| ၉ | ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းသည့် "ကျောင်းမုန့် ဈေးတန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓါတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက် တစ်ရပ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၂ |
| ၁၀ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၂-၂-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်တွင် ပါရှိသော ပါးရိကျေးရွာကျေးလက်ကျန်းမာရေးဌာနကို ပါးရိကျေးရွာ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးမြင့်၊ ပင်းတယ မဲဆန္ဒနယ်၏ **ပင်းတယမြို့နယ်၊ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံ အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ် အတွင်းရှိ မတောင့်တကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က **“(၁၈၆၁)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊

၇။ **“(၁၈၆၁)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းသည့် **“ကျောင်းမုန့်ဈေးတန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓါတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနေမျိုးထွန်း၊ ထန်းတပင် မဲဆန္ဒနယ်၊

(ခ) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(ဃ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(စ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ည) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဋ) ဦးသာချို၊ ရေနံချောင်း မဲဆန္ဒနယ်၊

(ဌ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ဍ) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဦးမြင့်ဟန်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်၊

(ဏ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၆၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊

(၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

**မူကြမ်း**

(၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၂ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၅) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၂ ရက်၊

(၆) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၂ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၀) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၁၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်နှင့်

(၁၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ခန္တီးမြို့နယ်တွင်ပါရှိသော ပါးရိုကျေးရွာကျေးလက်ကျန်းမာရေးဌာနကို ပါးရိုကျေးရွာတိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ခန္တီးမြို့နယ်၊ ပါးရိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပါးရိုကျေးရွာဟာ ခန္တီးမြို့နဲ့ ၄၅ မိုင်ကွာဝေးပြီး ချီလီကျေးရွာနှင့် ထန်ပါခွေမြို့နယ်ခွဲ ကားလမ်းပေါ်မှာ တည်ရှိပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် နယ်နိမိတ်ထိစပ်သည့် တောင်ပေါ်ဒေသ နာဂတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာလည်း ဖြစ်ပါတယ်။ ကားလမ်းရှိသော်လည်း မြေသားလမ်းဖြစ်သဖြင့် ပွင့်လင်းရာသီကာလမှသာ ကားများသွားလာနိုင်ပြီး မိုးရာသီကာလမှာ ကားများသွားလာ၍ မရတော့ပါ။ တောင်တက်၊ တောင်ဆင်းလမ်းများဖြစ်ပြီး သွားလာရေးအလွန်ခက်ခဲတဲ့ဒေသလည်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါးရိုကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားသော်လည်း ပါးရိုကျေးရွာအုပ်စုတွင် လူဦးရေ ၈၉၆ ဦးရှိပြီး အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ မော်တောကျေးရွာအုပ်စု လူဦးရေ ၃၀၉ ဦး၊ ခမွန်းကျေးရွာအုပ်စု လူဦးရေ ၆၅၆ ဦး၊ ဆောင်းလင်းကျေးရွာအုပ်စု လူဦးရေ ၉၆၈ ဦး၊ ကျောက်ရောကျေးရွာအုပ်စု လူဦးရေ ၃၅၅ ဦး၊ ပါရှောင်ကျေးရွာအုပ်စု လူဦးရေ ၅၅၉ ဦးနှင့် နယ်နိမိတ်နီးစပ်သည့် လဟယ်မြို့နယ်အတွင်းရှိ ကျောက်ခယ်ရွာမ လူဦးရေ ၃၉၀ ဦး၊ အာရကျင်

ကျေးရွာမှ လူဦးရေ ၂၈၁ ဦး စုစုပေါင်းလူဦးရေ ၄၄၁၄ ဦးရှိသည့်ဒေသဖြစ်သည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှု ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ခန္တီးမြို့သို့ လာရောက်ကုသမည်ဆိုပါကလည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ သွားလာအစားအသောက် စရိတ်အတွက် ငွေကြေးအခက်အခဲကြုံတွေ့ရခြင်း၊ လမ်းခရီးမိုင်ကွာဝေးခြင်းတို့ကြောင့် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးနေရခြင်းများ ကြုံတွေ့နေရပါတယ်။ သို့အတွက်ကြောင့် ဒေသရဲ့လိုအပ်ချက်အရ တိုက်နယ်ဆေးရုံတိုးမြှင့်ဖွင့်လှစ်ပေးမည်ဆိုပါက တောင်ပေါ်ဒေသနေ နာဂတိုင်းရင်းသားများအတွက် ဆရာဝန်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာရရှိနိုင်မည်ဖြစ်ပါတယ်ခင်ဗျား။ ဒေသခံတိုင်းရင်းသားတို့၏ ရောဂါအခြေအနေဆိုးမှ ကုသခံယူခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်ကို ကျန်းမာရေးကြိုတင်ကာကွယ်စောင့်ရှောက်နိုင်သည့် အသိပညာများလည်း တိုးတက်လာမည်ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ပါးရိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ မရှိပါက အဘယ့်ကြောင့်ဆိုသည်ကို သိရှိလိုပါသဖြင့် ပါးရိုကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာနေပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါ တယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့နယ်တွင်ရှိသော ပါးရိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအဆင့်မှ ပါးရိုတိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ခြင်းကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒီမှာပြန်ပြီးကြည့်လိုက်တဲ့အခါမှာ Rural Health Center ကျေးလက်ကျန်းမာရေးပိုင်မှာ ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၆၁၁ အိမ်၊ လူဦးရေ ၄၄၀၀ ရှိပါတယ်။ အကယ်၍ ကျွန်တော်တို့က Station Hospital လုပ်မယ်ဆိုလို့ရှိရင် အနည်းဆုံး လူဦးရေ

၁၀၀၀၀ ကနေ ၁၅၀၀၀ ရှိပြီးတော့ သွားလာရေးလွယ်ကူပြီး အနီးအနားမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲကလူများလည်း ဒီ Station Hospital ကိုလာဖို့ လွယ်ဖို့လိုပါတယ်။ ထို့အပြင် ဒီ Station Hospital ကနေပြီးတော့ မြို့နယ်ဆေးရုံကိုသွားဖို့လည်း လွယ်ဖို့လိုပါတယ်။ ကျန်တဲ့အချက်များရှိသော်လည်း လူဦးရေက ၄၄၀၀ ပဲရှိတဲ့အတွက် ၄၄၀၀ ရှိတဲ့လူဦးရေကို ကျွန်တော်တို့အနေနဲ့ ဆေးရုံတစ်ရုံသတ်မှတ်ပေးမယ်ဆိုရင် ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်အင်အား၊ လူအင်အား၊ ငွေအင်အားနှင့် သိပ်ပြီးတော့ အဆင်မပြေပါဘူးခင်ဗျား။ သို့သော်လည်း ကျွန်တော်တို့ ပြန်လေ့လာတဲ့အခါမှာ ဒီကျေးလက်ကျန်းမာရေးဌာနမှာ ဌာနခွဲ(၅)ခု ရှိပါတယ်။ ဖားဆောင်း၊ ကျောက်ရွဲ၊ ဟိတ်ထိ၊ ဆောင်းလင်း၊ ခမောင်း။ အဲဒီတော့ Sub-center (၅)ခုရဲ့ Sub-center တစ်ခုမှာ Mid-Wife တစ်ယောက်ရှိရပါတယ်။ PHS-2 ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂)ရှိ တစ်ယောက်စီရှိရပါမယ်။ အဲဒီမှာကြည့်တဲ့အခါမှာ မရှိဘူးတွေ့နေပါတယ်။ သူနာပြုနှစ်ဦးလစ်လပ်နေတာရှိပါတယ်။ PHS-2 ငါးဦးလစ်လပ်နေတာရှိပါတယ်။ စုစုပေါင်း Sub-center ငါးဦးမှာ အဲဒီလိုအခြေအနေရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ဟာ အခုနှစ် ဘတ်ဂျက်ပေါ့။ မတ်လ ၃၁ ရက် မတိုင်ခင်မှာ ကျွန်တော်တို့အနေနဲ့ Mid-Wife ကျွန်တော့်အနေနဲ့ ၁၉၅၉ ယောက်ခန့်ဖို့ရှိပါတယ်။ PHS-2 ဖြစ်တဲ့ ကျန်းမာရေးကြီးကြပ် ၃၀၀၀ ခန့်ဖို့ရှိပါတယ်။ ဒီ ၃၀၀၀ နဲ့ ဒီဟာတွေခန့်မယ်ဆိုလို့ရှိရင် ဒီပါးရိုကျေးရွာအောက်မှာရှိတဲ့ ကျေးလက် ကျန်းမာရေးဌာနခွဲ တွေကို ကျွန်တော်တို့ ခန့်ပေးပါမယ်။ ထို့အပြင် ပါးရိုမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနကိုကြည့်တဲ့အခါမှာလည်း Mid-Wife ကရှိသော်ငြားလည်း PHS-2 (Rural Health Center)ကျန်းမာရေးကြီးကြပ်(၂)က နှစ်ဦးလစ်လပ်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ခန့်ပေးပါမယ်။ ထို့အပြင် Rural Health Center ကိုလည်း ကျေးလက်ကျန်းမာရေး ဌာနခွဲမှာဆိုရင် သူက စမ်းသပ်ဖို့ကိရိယာတွေပေးပါတယ်။ သွေးစစ်တဲ့ Hemoglobin စစ်တာတို့၊ HIV, Malaria, Syphilis, Pregnancy ဆီးထဲမှာရှိတဲ့ သကြားဓာတ်နဲ့ ဆီးထဲမှာရှိတဲ့ Protein ဓာတ်ကိုစစ်တဲ့ ကိရိယာတွေလည်းပေးပါတယ်။ ဒီကိရိယာတွေ မရှိဘူးဆိုရင် ကျွန်တော်တို့ဒီမှာ အမြန်ဆုံးပေးပါမယ်။ ထို့အပြင် ကျွန်တော်တို့က Rural Health Center ကို ကျေးလက်ကျန်းမာရေးဌာနကို Rural Health Center Kit ဆိုပြီး ပေးပါတယ်။ ၂၇ မျိုးပါပါတယ်။ ဒီ Rural Health Center Kit တွေကိုတော့ အသစ်ဖွင့်တဲ့ RHC တွေမှာပဲ ကျွန်တော်တို့က ပေးပါတယ်။ သို့သော်လည်း ဒီ ပါးရိုအနေနဲ့ကတော့ သွားလာရေးလည်းခက်ခဲတဲ့အတွက်ကြောင့် ဒီ Rural Health Center Kit ကိုလည်း ကျွန်တော် ဆက်လက်ပြီးတော့ ရအောင်စီစဉ်ပေးမှာ ဖြစ်ပါတယ်။ လောလောဆယ်အခြေအနေအရတော့

ကျွန်တော့်အနေနဲ့ကတော့ ဒီဟာကိုတိုးဖို့ဟာ မလွယ်သေးပါဘူးခင်ဗျား။ အဲဒါကြောင့် သို့သော်လည်း ဒီအခြေအနေအားလုံးကို လေ့လာသုံးသပ်နေပါတယ်။ ကျွန်တော်တို့လည်း သိပါတယ်။ ပြီးခဲ့တဲ့လက ကျွန်တော်တို့ လဟယ်၊ ခန္တီး၊ နန်းယွန်းကို နိုင်ငံတော်သမ္မတကြီးနဲ့လည်း ရောက်ပါတယ်။ ခက်ခဲတယ်ဆိုတာလည်း နားလည်ပါတယ်။ အဲဒီတော့ လောလောဆယ်တော့ ဒီ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲများမှာ လူအင်အားကို လုံးဝဖြည့်ပေးပါမယ်။ လိုအပ်တဲ့ပစ္စည်း၊ ဆေးကိရိယာအားလုံးကိုလည်း လုံးဝဖြည့်ပေးပါမယ်။ အဲဒါကို ကျွန်တော်တင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ပင်းတယမြို့နယ်၊ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်မှ ခုတင်(၁၀၀) ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးမြင့်(ပင်းတယမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ပင်းတယမြို့နယ်၊ ပြည်သူ့ဆေးရုံ ခုတင်(၅၀) ဆေးရုံအဆင့်မှ ခုတင်(၁၀၀) ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပင်းတယမြို့နယ်ဟာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ ဒေသဦးစီးအဖွဲ့ ရုံးစိုက်ရာမြို့လည်းဖြစ်ပါတယ်။ ပင်းတယမြို့ ပြည်သူ့ဆေးရုံဟာလည်း ကျွန်တော်တို့ ဓနုတိုင်းရင်းသားတွေ အားကိုးအားထားရာ ဆေးရုံလည်းဖြစ်ပါတယ်။ ဤဆေးရုံကြီးကို ပင်းတယမြို့နယ် တစ်မြို့နယ်တည်းသာမဟုတ်ဘဲ အနီးအနား ပတ်ဝန်းကျင်ရှိ ရပ်စောက်၊ ရွာငံ၊ ပေါ်ဆိုင်း၊ ဟဲဟိုးစတဲ့ လူနာများပါ လာရောက်ပြီး ဆေးကုသမှုခံယူနေတဲ့ ဆေးရုံကြီးလည်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများသာမက တောင်ရိုး၊ ပအိုဝ်း၊ ပလောင်တိုင်းရင်းသား အားကိုးအားထားရာ ဆေးရုံလည်းဖြစ်ပါတယ်။ မြို့နယ်လူဦးရေ ၈၀၀၀၀ ကျော်ရှိပါတယ်။ ဒါကြောင့်လည်း မူလက ၂၅ ခုတင်ဆံ့ ဆေးရုံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက အဆင့်မြင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးချဲ့ပြီးတာနှင့်

တစ်ပြိုင်နက်တည်းမှာပဲ ဝန်ထမ်းအင်အားကို တိုးချဲ့ခန့်ထားခဲ့ပါတယ်။ ဤသို့တိုးချဲ့ခန့်ထားပေမယ့် ယခုလက်ရှိအခြေအနေမှာ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံဟာ ၂၀၁၅ ခုနှစ် တစ်နှစ်လုံးမှာ အတွင်းလူနာ ၅၁၁၇ ဦး၊ ပြင်ပလူနာ ၂၈၂၅၁ ဦးကို ထိရောက်စွာကုသပေးနေတာ တွေ့မြင်နေရပါတယ်။ နေ့စဉ်အတွင်းလူနာအနေနဲ့ တစ်နေ့ပျမ်းမျှအတွင်းလူနာ ၈၀ ကနေ ၁၀၀ အထိရှိနေပြီးတော့ ပြင်ပလူနာအနေနဲ့ တစ်နှစ်ကို ၁၀၀ ကနေ ၁၂၀ အထိ ဆေးကုသမှုပေးနေတာ တွေ့မြင်နေရပါတယ်။ ဒါ့အပြင် လူနာခုတင်အသုံးပြုမှုနှုန်းကို လေ့လာကြည့်ပြန်ရင်လည်း ခွင့်ပြုခုတင်နဲ့တွက်ရင် ၁၆၉ ရာခိုင်နှုန်းရှိပြီး သုံးစွဲခုတင်နဲ့တွက်ရင် ၁၂၁ ရာခိုင်နှုန်းရှိနေတာကို တွေ့မြင်နေရပါတယ်။ ဤ ကိန်းဂဏန်းတွေဟာ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆေးရုံအဆင့်မှ ခုတင် ၁၀၀ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးဖို့လိုအပ်နေတာကို ညွှန်ပြနေတာပါ။ ဒါကြောင့် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိ၊ အကယ်၍ အစီအစဉ်ရှိခဲ့ရင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးမယ်ဆိုတာ ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပင်းတယပြည်သူ့ဆေးရုံကို ခုတင် ၅၀ မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံးအဖြစ်သို့ တိုးမြှင့်ပေးရန်နှင့်ပတ်သက်၍ ကျွန်တော်တို့က ဆေးရုံအညွှန်းကိန်း (Hospital Performance Indicator) များကို လေ့လာပါတယ်။ မလေ့လာခင် ဒီဆေးရုံကြီးသည် အနီးအနားဆေးရုံကြီးများနှင့် သွားလာမှုလွယ်ခြင်း၊ ခက်ခြင်းမှာလည်း အများကြီးမူတည်နေပါတယ်။ အကယ်၍ သွားလာမှုခက်ခဲလို့ ရှိရင်တော့ ကျွန်တော်တို့က ဦးစားပေးပြီးလုပ်ပါတယ်။ ဒီ ပင်းတယဆေးရုံအနေနဲ့ ကြည့်လိုက်တဲ့ အခါမှာတော့ သိပ်ပြီးတော့မခက်ပါဘူး။ အနားမှာ ပွေးလှတိုက်နယ်ဆေးရုံရှိတယ်။ မိုင်းအင်တိုက်နယ် ဆေးရုံရှိတယ်။ နောက်ပြီးတော့ စဝ်စံထွန်း ခုတင် ၅၀၀ ဆေးရုံကြီးနှင့် ၆၃ မိုင်ကွာဝေးပြီး ကားလမ်းနဲ့တော့ ၂ နာရီကြာပါတယ်။ ပွေးလှတိုက်နယ်ဆေးရုံနှင့် ရှစ်မိုင်၊ ကားလမ်းဖြင့် မိနစ် ၃၀၊ မိုင်းအင်း

တိုက်နယ်ဆေးရုံနှင့် ၁၂ မိုင် ကားလမ်းဖြင့် မိနစ် ၄၀ ကွာတာ တွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ Hospital Performance Indicator ကို ပြန်ကြည့်တဲ့အခါမှာ ဆေးရုံတိုးမှာ ၁၆ ခုတင်ကနေ ၂၅ တိုးရင် ၁၅၀ ရာခိုင်နှုန်းရှိရပါမယ်။ Hospital bed Occupancy Rate ပါ။ အဲဒီတော့ ၂၅ ကနေ ၅၀ ဆိုရင် ၁၅၀၊ ၁၀၀ ကနေ ၂၀၀ ဆိုရင် ၂၀၀ ရာခိုင်နှုန်းရှိရပါတယ်။ အဲဒီတော့ ဒီမှာကတော့ ၂၀၀ ရာခိုင်နှုန်း မရှိဘူးဖြစ်နေပါတယ်။ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ တက်တာတော့ တက်ပါတယ်။ Bed Occupancy Rate က အများဆုံး ၁၅၁ ပဲရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ ၁၃၆၊ ၂၀၁၅ ခုနှစ်မှာ ၁၆၉၊ ၂၀၁၆ ခုနှစ်မှာ ၁၅၁ ပဲရှိပါတယ်။ Out inpatient အနေနဲ့ကတော့ များသောအားဖြင့် ၇၅ ယောက်ကနေပြီးတော့ ၆၀ ကနေ ၇၅ ယောက် ကြားမှာတန်းနေပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ခံပါတယ်။ သို့သော်လည်း ဒီမှာ အကယ်၍ ကျွန်တော်တို့ဟာ အခု ဒီ ဆေးရုံမှာကြည့်လိုက်တဲ့အခါမှာ ခုတင် ၅၀ ဖြစ်တဲ့အတွက် ခုတင် ၅၀ မှာဆိုရင် ဝန်ထမ်းပေါင်း ၈၁ ယောက် ရှိရပါတယ်။ ၈၁ ယောက်မှာ ၈၁ ယောက်မရှိဘဲနဲ့ ၄၈ ယောက်ပဲရှိတာ တွေ့ရပါတယ်။ အကယ်၍ ကျွန်တော်တို့ ခုတင် ၅၀ ကနေပြီးတော့ ၁၀၀ ကိုပေးလိုက်လို့ရှိရင် ဝန်ထမ်း ပေါင်း ၂၀၁ ယောက်ခန့်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းပေါင်း ၂၀၁ ယောက်ကိုတော့ လောလော ဆယ်ဆယ်မှာခန့်ဖို့က အခြေအနေက မပေးသေးပါဘူး။ နောက်ထပ် သုံးလေးငါးနှစ်မှာဆိုလို့ရှိ ရင်တော့ ဒါဟာ ဖြစ်နိုင်တဲ့အလားအလာ ရှိပါတယ်။ သို့သော်လည်းပဲ ဒီဆေးရုံမှာလုပ်တဲ့ ဆရာဝန် တွေကို ကြည့်တဲ့အခါမှာ သူ့ဝန်ထမ်းအင်အားကတော့ ပြနေပါတယ်။ လက်ထောက်ဆရာဝန် ခြောက် ယောက်ရှိတဲ့နေရာမှာ ငါးယောက်ရှိတယ်လို့ ပြတယ်။ သို့သော် ကျွန်တော်အသေးစိတ်မနေ့ညက လေ့လာကြည့်လိုက်တဲ့အခါမှာ အဲဒီငါးယောက်ထဲက ရှိရမည့်ငါးယောက်က နှစ်ယောက်က M.S.C တက်နေတာအတွက် ဒီနှစ်ယောက်ကို ကျွန်တော်တို့အမြန်ဆုံး ဖြည့်ပေးပါမယ်။ ထို့အပြင် သွားဆရာဝန် တစ်ဦးရှိတဲ့နေရာမှာ တစ်ဦးရှိသော်လို့ ပြထားသော်လည်း ဒီသွားဆရာဝန် ဒီ Post Graduate M.S.C တက်နေတဲ့အတွက် သွားဆရာဝန်လည်း ကျွန်တော်တို့ အမြန်ဆုံးချထားပေးပါမယ်။ သူနာပြုအင်အား ကတော့ သူနာပြုအဆင့်(၃)က ခုနစ်ယောက်မှာ ခုနစ်ယောက်ရှိပါတယ်။ အဆင့်(၄)က ၁၄ ယောက်မှာ ၁၄ ယောက်ရှိတယ်ဆိုတဲ့အခါကျတော့ အကုန်လုံးအဆင်ပြေပါတယ်။ သို့သော်လည်း ဒီဆေးရုံကြည့် တဲ့အခါမှာ လူနာရှိသင့်တာထက်တော့ ပိုများနိုင်တယ်။ ၅၀ ရှိတဲ့ဆေးရုံမှာ ၇၅ ယောက်လောက်ရှိတဲ့ အတွက် ဆေးလုံလောက်မှုအင်အားက ကျွန်တော်တို့က ၅၀ ခုတင်နဲ့ပဲပေးတဲ့အတွက် ဒီ ၇၅၊ ၈၀၊ ၁၀၀ နီးပါးပေ့ါလေ။ ၈၀ လောက်ရှိတဲ့ လူနာများကိုကြည့်ဖို့အတွက်ကို ဆေးပစ္စည်းနဲ့ဆေးတွေနဲ့ကို

ကျွန်တော်တို့ တိုးပြီးတော့ ပေးဖို့အစီအစဉ်ရှိပါတယ်။ အမြန်ဆုံးလည်း ကျွန်တော်တို့ အဲဒါကိုလုပ်ပေးပါမယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုပြောချင်တာကတော့ ဒီဆေးရုံကြီးကို အခုကျွန်တော်က လောလောဆယ်ဆယ်မတိုးပေးသော်ငြားလည်း သူ့ကို တစ်ချိန်လုံးကျွန်တော်က Close Monitoring လုပ်နေပါမယ်။ ဘာကြောင့်လဲဆိုတော့လုပ်လို့မှ ဆက်ပြီးတက်နေတယ်ဆိုလို့ရှိရင်တော့ ပေးသင့်တယ်ဆိုရင် ချက်ချင်းစဉ်းစားပြီးတော့ပေးပါမယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ အစိုးရအသစ်တက်လာတဲ့အခါမှာ ပြည်သူ့ကျန်းမာရေး Public Health ကို ဖောက်ချပြီးတော့ အထူးအားပေးလုပ်ပါတယ်။ ဆိုလိုတာက ပြည်သူ့ကျန်းမာရေးကောင်းမှသာလျှင် ဆေးရုံကိုတက်သောလူနာများဟာ လျော့သွားမှာဖြစ်ပါတယ်။ မဟုတ်လို့ရှိရင် ဆေးရုံဟာ ဆက်တိုက်ပဲတက်နေမယ်။ ဆေးရုံခုတင်တိုးပေးခြင်းသည် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအတွက် ကောင်းတဲ့လက္ခဏာတော့ မဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုလို့ရှိရင် ကျွန်တော်တို့ ဗမာပြည်ရဲ့လူဦးရေက သိပ်ပြီးတော့မတိုးဘဲနဲ့ ဆေးရုံလာတဲ့လူတွေများတယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပြည်သူ့ကျန်းမာရေးလုပ်ဆောင်မှုက ညံ့တယ်ဆိုတဲ့သဘောကို လက္ခဏာကိုပြတဲ့အတွက် ဒါ ကျွန်တော်တို့ ဒါကိုမဖြစ်အောင်လို့ ပြည်သူ့ကျန်းမာရေး (Public Health Activity) ကို ဖောက်ချပြီး လုပ်လိုပါတယ်။ မကြာခင်အတွင်းမှာတော့ ဒါဟာ တော်တော်ကောင်းသွားပြီးတော့ ဆေးရုံလာတဲ့လူနာတွေလည်းလျော့သွားဖို့ အလားအလာရှိပါတယ်။ ထို့အပြင် ဆေးရုံကိုနောက်ကျပြီးမှရောက်လာတဲ့လူနာများလည်း လျော့သွားဖို့အလားအလာရှိပါတယ်။ ကျွန်တော်နိဂုံးချုပ်ပြောချင်တာကတော့ လောလောဆယ်တော့ ဒီဥစ္စာကိုပေးလို့ မရသေးပါဘူးခင်ဗျား။ နောက်မှ ကျွန်တော်တို့ Monitor လုပ်ပြီးတော့ လိုအပ်လျှင် လိုအပ်သလို လုပ်ပေးဖို့ရှိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆားလင်းကြီးမြို့နယ်အတွင်းရှိ မတောင့်တကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**မူကြမ်း**

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ မတောင့်တ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသော ကြယ်ပွင့်ပြမေးခွန်းကို ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမတောင့်တဆေးရုံအဆောက်အဦကို မတောင့်တကျေးရွာဇာတိဖြစ်သော ဆရာတော် ဘန္ဒန္တသီလာစာရ အမှူးပြု၍ မင်းကွန်းဆရာတော်ကြီးများ ဆက်လက်ဦးဆောင်ကာ ပြီးစီး အောင် ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထအဖြစ် အလှူရှင်များပါဝင်ပြီး ကျပ်ငွေသိန်း ပေါင်း ၃၆၉၀ အကုန်အကျခံကာ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ တိုက်နယ်ဆေးရုံအဆင့် စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ပြီးစီးခဲ့ပြီး ၁၁-၆-၂၀၁၅ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းလည်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ မတောင့်တတိုက်နယ်ဆေးရုံဆိုင်းဘုတ်ဖြစ်ပါတယ်။ ဆိုင်းဘုတ် ကတော့ အဆင်သင့်ဖြစ်နေတာကြာပါပြီ။ ကျွန်တော်သိသလောက် နှစ်နှစ်ခွဲနီးပါးရှိပါပြီ။ အပ်ခဲ့တာ ၂၀၁၅ ခုနှစ်ကပါ။ ဒါကတော့ ဆေးရုံပြင်ပအဆောင် ရှေ့မျက်နှာစာဖြစ်ပါတယ်။ တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီးတော့ အလျားက ၁၁၇ ပေနှင့် အနံ ပေ ၇၀ ဖြစ်ပါတယ်။ ရှေ့မျက်နှာစာ ၁၁၇ ပေဆိုတာမှာ အမှန်ကတော့ ၁၀ ပေခန်း ၁၀ ခန်း ဖြစ်ပါတယ်။ ၁၇ ပေကတော့ လှေကားနှင့်တကွ ဝင်ပေါက်ကြီးနှစ်ခုရှိပါတယ်။ ဘယ်ဘက်ရယ်၊ ညာဘက်ရယ်။ အဲဒီမှာ ၁၇ ပေဆိုတော့ ၁၁၇ ပေ ဖြစ်ပါတယ်။ အဲဒါကတော့ ဘေးဘက်၊ ဆေးရုံခြေရင်းဘက်ကျပါတယ်။ ခုနစ်ခန်း၊ စောစောက ပြောသလို ၁၀ ပေခန်း ဖြစ်တဲ့အတွက် ပေ ၇၀ ရှိပါတယ်။ ဒါက အနံဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံမှာ ဝင်းနံရံ ကာရံထားတာ ဖြစ်ပါတယ်။ လောလောဆယ်ကတော့ နွားတွေ၊ ကျွဲတွေတော့ မဝင်နိုင်ပါဘူး။ နောက်ဆိုရင်တော့ တခြား ဆိတ်တွေ၊ ခွေးတွေပါ မဝင်နိုင်အောင် လုပ်ဖို့အစီအစဉ်ရှိပါတယ်။ အခုတော့ ဒီလောက်နဲ့ပဲ လေးဘက်လေးနံ ကာရံထားပြီးဖြစ်ပါတယ်။ အုတ်ရိုးခံပြီးတော့ တကယ့် RC ကျောက်တိုင်တွေ ရှိပါတယ်။ လောလောဆယ် သွပ်ဆူးကြိုးကတော့ လေးတန်းပဲ တန်းထားပါသေး တယ်။ သွပ်ဆူးကြိုးက နောက်ပိုင်းကျတော့ လိုအပ်ရင်လိုအပ်သလို လုပ်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ဆေးရုံဝင်ပေါက် ကွန်ကရစ်တံတားကြီးတွေဖြစ်ပါတယ်။ RC ကွန်ကရစ်တံတားကြီးတွေ သုံးစင်းဖြစ်

သွားပါတယ်။ အမှန်စင်စစ်ကတော့ အဝင်တစ်စင်းနှင့် အထွက်တစ်စင်းပေါ့၊ ဝင်ပေါက်၊ ထွက်ပေါက် နှစ်စင်းပဲရှိရမှာပါ။ အစက မြောင်းကြီးရှိနေတဲ့အတွက် တံတားထိုးရပါတယ်။ သုံးစင်းဖြစ်သွားတာ ကျွန်တော်မေးကြည့်တော့ အလယ်ကနေရာမကြိုက်လို့ ပြန်ပြင်လိုက်တာဆိုပြီးတော့ မဖျက်ဘဲထား တော့ တံတားသုံးစင်းဖြစ်သွားပါတယ်။ ဒါကတော့ ဆေးရုံရှေ့ရဲ့မျက်နှာစာမှ အုတ်တံတိုင်းဖြစ်ပါတယ်။ လမ်းတွေကတော့ ဟိုတုန်းကတော့ ဒါတွေဟာ မြေနီထွက်တဲ့အရပ်ဆိုတော့ ဂဝံကျောက်နှင့် မြေနီလမ်း တွေပါပဲ။ အခုတော့ ကတ္တရာလမ်းသွယ်လည်းဖြစ်လာပါပြီ။ အဝီစိတွင်းအောင်မြင်တဲ့အတွက် ရေစင် ဆောက်ပါတယ်။ လျှပ်စစ်မီးရတဲ့အတွက် မော်တာနှင့် ရေတင်ပါတယ်။ အားလုံး ရေ၊ မီးအဆင်သင့် ဖြစ်နေပါပြီ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ မတောင့်တကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဤဆေးရုံကြီးဟာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ၁၁-၆-၂၀၁၆ ရက်နေ့ကလွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပုံလည်း တင်ပြပြီး ရရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ လည်း ငွေတင်ထားပါတယ်။ ရဖို့အခြေအနေရှိပါတယ်။ ရတာနဲ့ ကျွန်တော်တို့ ချက်ချင်းခန့်ပေးပါမယ် ခင်ဗျား။ အဲဒီတော့ ဒီဆေးရုံကြီးကိုလည်း ကျွန်တော်တို့ သေချာကြည့်တဲ့အခါမှာ တော်တော် ကောင်းပါတယ်။ ဆေးရုံတင်မဟုတ်ပါဘူး၊ သူတို့လှူထားတာ အထဲမှာ Dressing Trolley, Bp Cuff, Mezin Trolley, Patient Trolley, Poti Table, Spot Light, LED, Drip Stand, Wheel Chair, Labour Bed, Weighing machine, Physiotherapy unit, Oxygen, Concentrator အစ အကုန်လုံးလှူထားတာတွေ့ရတဲ့အတွက် ကျွန်တော် အထူးကျေးဇူးတင်ပါတယ်ခင်ဗျား။ လှူတာက တော့ မင်းကွန်းတိပိဋကတ်ကျောင်းတိုက်က ဆရာတော်ကြီးများ လှူဒါန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်

တို့ ဒါကို ယူဆောင်ပြီးတော့၊ ဆက်လက်ပြီးတော့ Maintain လုပ်ပေးပါ့မယ်။ အမြန်ဆုံးလည်း ဒီဥစ္စာကို ခန့်ပေးမှာဖြစ်ပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်။ ဒီနေရာ ကျွန်တော်တစ်ခု တင်ပြချင်တာက အကယ်၍သာ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို Sub-Center ဆောက်ဖို့ အိမ်သေးသေးလေး၊ Rural Health Center တို့၊ ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် Station Hospital လောက်ကို အဆောက်အဦတွေလှူပေးမယ်ဆိုရင် ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပိုက်ဆံပိုလာမယ်။ ပိုလာတဲ့ပိုက်ဆံကို ဆေးနှင့် ဆေးပစ္စည်းများ ဝယ်လို့ရပါတယ်။ အဲဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော် Request လုပ်ချင်တာက ဒါမျိုးရတဲ့အလှူရှင်များကို များများရှာပေးလို့ရှိရင် ကျွန်တော်တို့ ပေးနိုင်ပါတယ်။ Station Hospital လောက်ကိုတော့ ကျွန်တော်လူအင်အားခန့်လို့ရပါတယ်။ အခုနက ခုတင် ၅၀ လောက်ဆိုရင်တော့ ခန့်ဖို့က သိပ်မလွယ်ပါဘူးခင်ဗျား။ လောလောဆယ် Station Hospital ရဖို့ ဆိုရင် နည်းနည်းလေးပံ့ပိုးပေးဖို့ ကျွန်တော်မေတ္တာရပ်ခံရင်းနှင့် နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပွဲမဝင်ခင် အပြင်မှာကျင်းပဆိုသလို ဝန်ကြီးနှင့်ရော၊ မိတ်ဆွေဆရာဝန်ကိုယ်စားလှယ်တွေနဲ့ပါ ဒီကိစ္စအပြင်မှာ ဆွေးနွေးစနည်းနာပြီးတဲ့အခါမှာ အခုလိုကြားရတဲ့အဖြေမျိုးပဲ ဖြစ်မယ်ဆိုတာ ရိပ်မိပါတယ်။ ဒါပေမဲ့ ကျွန်တော်အခုလို ကြယ်ပွင့်ပြမေးခွန်းမေးရတဲ့အကြောင်းရင်းကတော့ တိပိဋကရေဆရာတော်ကြီးတွေအပြင် အခုလိုက်လာမှုသော ငယ်ငယ်ရွယ်ရွယ်နဲ့ဆောင်ရွက်တဲ့ ဘုန်းကြီးဟာလည်း တစ်ကျမ်းပြီးပြီသား ဘုန်းကြီးဖြစ်ပါတယ်။ မတောင့်တဇာတိကပါပဲ။ နောက်ထပ်လည်းပဲ ဒီဆေးရုံကျဉ်းတယ်ဆိုလို့ရှိရင် ဆေးရုံဘေးက မြေလှူမယ့် ဒါယိကာ၊ ဒါယိကာမတွေ၊ ပုဂ္ဂိုလ်တွေ ရှိတယ်ဆိုတာလည်း ကျွန်တော်တို့ စုံစမ်းသိရှိရပါတယ်။ နောက်တစ်ခါ ပိုက်ဆံချမ်းသာတဲ့သူတွေလည်း ပါတဲ့အတွက် ခေတ်မီစက်တွေ ပေါ်ပေါက်လာရင်လည်း၊ လိုအပ်သေးရင်လည်း ခေတ်မီစက်တွေလည်း ဒီဆေးရုံအတွက် ဝယ်လှူမယ် ဆိုတာကြားရတဲ့အတွက် ကျွန်တော်တို့ဟာ တော်တော်အားရှိလို့လည်း တင်ပြပေးတာဖြစ်ပါတယ်။ နောက်တစ်ခုက ဒါကတော့ ကျွန်တော်မြင်တဲ့အတိုင်းပြောတာပါ။ ဘာရယ်၊ ညာရယ်တော့ သဘော မထားပါဘူး။ အခုဒီကိစ္စဆောင်ရွက်ပေးနေတဲ့ဝန်ကြီးကလည်းပဲ ကျွန်တော်တို့ တွေ့ရတာ၊ မြင်ရတာက

စေတနာအရမ်းပါတယ်ဆိုတာ ကျွန်တော်တို့လည်း ယုံကြည်အားကိုးပါတယ်။ နောက် မိမိလက်အောက် ဌာန Sub-ordinate Department တွေက သမာရိုးကျတက်လာတဲ့ ။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းကို မေးလိုက်ပါ။ ဘာမေးချင်တာလဲ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးလိုက်ပါ။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ တစ်ဆက်တစ်စပ်တည်းကတော့ အဲဒီမေးရတဲ့အကြောင်းကတော့ ဖြစ်လာမယ်လို့ယုံကြည်အားကိုးတဲ့အတွက် မေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ ဝန်ကြီးဌာန ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ဖြေစရာတော့မရှိဘူးထင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းက တစ်ဆက်တစ်စပ်တည်းကို တစ်ဆက်တစ်စပ်တည်းမေးလိုက်လို့ရှိရင် ဒါဖြေရမယ့် ပြည်ထောင်စုဝန်ကြီးဌာနကလည်း ဖြေဖို့အဆင်ပြေတာပေါ့။ အခုဟာက တစ်ဆက်တစ်စပ်တည်းမေးခွန်းက မေးခွန်းမဟုတ်ဘဲနဲ့ ကိုယ်စားလှယ်ကြီးက ကိုယ်ပြောချင်တာကြီး ပြောတဲ့အခါကျတော့ ဖြေစရာလည်း ဘာမှမရှိဘူး ဖြစ်သွားတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း စောစောကရိပ်မိပါတယ်။ ဒါကြောင့် တစ်ဆက်တစ်စပ်တည်းမေးပါလို့ ကျွန်တော်ကြိုပြောလိုက်တာပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က (၁၈၆၁)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို

ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဒေါ်ခင်စောဝေအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ရှိသေလေးစား အပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့နေ့တစ်နေ့ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ကျွန်မက ဥပဒေသမားတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဥပဒေပြုလွှတ်တော် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ သမီးသုံးဦးရဲ့မိခင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွင်းရှိ နိုင်ငံသားနိုင်ငံသူများအကျိုးအတွက် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၁၈၆၁ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ ကို ပြင်ဆင်ခြင်းအဆိုတင်သွင်းမှာဖြစ်ပါတယ်။ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးဥပဒေကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ တွင်ပါရှိတဲ့ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက် ၁၆ နှစ်အောက်မဟုတ်လျှင် မူကား မုဒိမ်းကျင့်သောထိုလင်ကို နှစ်နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်ဆိုတဲ့စကားရပ်များနောက်တွင် မည်သူမဆို အသက် ၁၆ နှစ်အောက်မိန်းကလေးတစ်ဦးအား မုဒိမ်းမှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်သည်။ မည်သူမဆို လူနှစ်ဦးနှင့်အထက်ဝိုင်းဖွဲ့၍ အသက် ၁၆ နှစ်အောက်အရွယ်မိန်းကလေးတစ်ဦးအား မုဒိမ်းမှုကျူးလွန်လျှင် သေဒဏ်ချမှတ်ရမည်ဆိုတဲ့ စကားရပ်များဖြင့် အစားထိုးရမည်ဆိုတဲ့အဆိုပဲ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၂ တွင် နိုင်ငံတော်သည် ကလေးသူငယ်များအား ကြည့်ရှုစောင့်ရှောက်ရမည်ဟုပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရက အဖွဲ့ဝင်နိုင်ငံအဖြစ်

လက်မှတ်ရေးထိုးထားခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်အပိုဒ် ၃၄ တွင် ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားရှိပါတယ်ရှင်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှူးခင်းဌာနမှ စုံစမ်းသိရှိချက်အရ ၂၀၁၁ ခုနှစ်အတွင်း မုဒိမ်းမှုပေါင်း ၆၈၂ ခုဖြစ်ပေါ်ခဲ့တဲ့အနက် သက်ငယ်မုဒိမ်းမှုဟာ ၂၃၀ မှုရှိခဲ့ကြောင်းကိုလည်းသိရှိခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ၁၀ လအတွင်းမှာ မုဒိမ်းမှုပေါင်း ၇၆၀ မှုရှိတဲ့အနက် သက်ငယ်မုဒိမ်းမှုက ၃၈၀ မှုရှိခဲ့ပါတယ်။ ယခင်နှစ်ကထက်ပိုမိုများပြားလာတာကိုလည်း တွေ့ခဲ့ရပါတယ်ရှင်။ သက်ငယ်မုဒိမ်းမှုအများဆုံးဖြစ်ပေါ်တဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၅ ခုနှစ်က ၅၅ မှု၊ ၂၀၁၆ ခုနှစ်မှာ ၁၃၀ မှု၊ ဧရာဝတီတိုင်းဒေသကြီးမှာ ၂၀၁၅ ခုနှစ်က ၅၀ မှု၊ ၂၀၁၆ ခုနှစ်က ၈၄ မှု၊ မန္တလေးတိုင်းဒေသကြီးမှာ ၂၀၁၅ ခုနှစ်က ၃၆ မှု၊ ၂၀၁၆ ခုနှစ်မှာ ၆၇ မှုတို့ ဖြစ်ကြပြီးတော့ များပြားလာတဲ့မုဒိမ်းမှုများ၏ ထက်ဝက်ကျော်မှာ သက်ငယ်မုဒိမ်းမှုများဖြစ်ကြပါတယ်ရှင်။ ဒါကြောင့် ယခုအခါ မတော်မတရားစော်ကားယုတ်မာမုဒိမ်းပြုကျင့်ကြသည့်မုဒိမ်းကောင်များ ပိုမိုရဲတင်းစွာဖြင့် ကျူးလွန်နေကြခြင်းနှင့် အုပ်စုဖွဲ့မုဒိမ်းပြုခြင်းတို့အပြင် မိမိတို့ပြုခဲ့တဲ့ မှားယွင်းမှုလုပ်ရပ်များကို ဖုံးဖိရန်အတွက် ပြုကျင့်ခံရသူကို အသက်သေဆုံးသွားအောင်ထိ ရက်ရက်စက်စက်သတ်ဖြတ်လိုက်ကြခြင်းများကို ထိရောက်သောပြစ်ဒဏ်များ ပေးသင့်ပါတယ်ရှင်။ ၎င်းပြစ်မှုကျူးလွန်တဲ့တရားခံများကို ပုဒ်မ ၃၇၆ အရ ပြစ်ဒဏ်ဖြစ်တဲ့ထောင်ဒဏ် သုံးနှစ်မှ ခုနစ်နှစ်အထိသာချမှတ်ပါတယ်။ တချို့ဆိုလို့ရှိရင် နှစ်နှစ်သာချမှတ်ပါတယ်။ အခုပြည်သူလူထုတွေ Campaign နယ်လုပ်တယ်။ ဆန္ဒဖော်ထုတ်မှုတွေကြောင့် နောက်ပိုင်းမှာတော့ ထောင်ဒဏ်အနှစ် ၂၀ ချတာကိုတော့ တွေ့ရှိလာရပါတယ်။ ကာယကံရှင်မိန်းကလေးများ၏ စိတ်ဒဏ်ရာမပျောက်သေးခင်အချိန်မှာ တရားခံများမှာလွတ်လာကြပါတယ်။ ပြီးတော့ ရန်ရှာခြိမ်းခြောက်မှုများပြုလာတာကြောင့် ကာယကံရှင်၏မိသားစုရဲ့ဘဝမှာ အမြဲစိုးရိမ်ထိတ်လန့်နေကြရရှာပါတယ်။ ဆင်းရဲသားအခြေခံလူတန်းစားထဲမှကလေးများဖြစ်လျှင် ပိုမိုဆိုးဝါးတဲ့အရိပ်မည်းကြီးက ဘဝတစ်သက်လုံးစိုးမိုးခြိမ်းခြောက်နေတော့မှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကလေးသူငယ်များအပေါ် ပြစ်မှုကျူးလွန်ခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ဂုဏ်သိက္ခာကို ကျဆင်းစေသည်သာမက အနာဂတ်မျိုးဆက်များဖြစ်တဲ့

ကလေးသူငယ်များ၏ဘဝကို အသက်ရှင်လျက်နဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ရှင်သန်မှုကင်းမဲ့အောင် ဖျက်ဆီးခံခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် ကလေးငယ်များအပေါ်တွင် ဖခင်ရင်းများအပါအဝင် ဆွေးရင်းမျိုးရင်းကပါ ကျူးလွန်မှုများရှိနေတဲ့အတွက်ကြောင့် ပြစ်ဒဏ်များဟာ တည်ဆဲဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ သာမန်ပြစ်ဒဏ်များထက် လုံလောက်မှုမရှိတော့ပါဘူးရှင်။ အဲဒါကြောင့် အသက်ရှင် လျက်နဲ့ ဘဝသေနေတဲ့ ကလေးမျိုးများမဖြစ်စေရေးအတွက် အကာအကွယ်ပေးနိုင်ရန်နဲ့ ထိရောက် ဟန့်တားလောက်သော ပြစ်ဒဏ်များချမှတ်ရန် အထူးလိုအပ်လှပါတယ်ရှင်။ ပြုကျင့်သူများသည် အသက်ဆုံးရှုံးရခြင်းကဲ့သို့သော ကြီးမားတဲ့ပြစ်ဒဏ်မရှိကြတဲ့အတွက် ပြစ်မှုကျူးလွန်သူများကို ကြောက်လန့်သွားအောင် အရေးယူအပြစ်ပေးခြင်း၊ လက်တွေ့ကျကျပြစ်ဒဏ်များပေးခြင်းတို့ဖြင့် ကလေးသူငယ်များကို အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာမှာလည်း လူ့အခွင့်အရေးကို အကြောင်းပြပြီး သေဒဏ်ဖျက်သိမ်းတဲ့နိုင်ငံများရှိသလို၊ နိုင်ငံတော်နှင့်နိုင်ငံသားများကို ကာကွယ်ရန် အတွက် သေဒဏ်ပြဋ္ဌာန်းထားတဲ့နိုင်ငံများလည်းရှိပါတယ်။ မြန်မာနိုင်ငံသည် သေဒဏ်ဖျက်သိမ်း ထားတဲ့နိုင်ငံမျိုးမဟုတ်ပါဘူး။ ပြစ်မှုဆိုင်ရာဥပဒေတွင် သေဒဏ်သာချမှတ်ရမည့် ပုဒ်မ ၃၀၂ (၁)ကဲ့သို့ ပြဋ္ဌာန်းချက်များလည်း ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့က ပြဋ္ဌာန်းထားသော အကြမ်းဖျက်မှုတိုက်ဖျက်ရေးဥပဒေမှာလည်း သေဒဏ်ချမှတ်နိုင်တဲ့ပြဋ္ဌာန်းချက်ပါရှိ ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မခူးခင်ကြွေ၊ မကြွေခင်နွမ်းသွားတဲ့ ပန်းကလေးများမဖြစ်ရ လေအောင် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာစော်ကားမှုဖြစ်လာမည့်အန္တရာယ်ကို ကြိုတင် ကာကွယ်ရန် အထူးအရေးတကြီး လိုအပ်သည်ဟု လေးလေးနက်နက်ယုံကြည်မိတဲ့အတွက် ၁၈၆၁ ခုနှစ် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးဥပဒေတွင် ပုဒ်မ ၃၇၆ ပါ ပြစ်ဒဏ်ကိုပြင်ဆင်ရန်လိုအပ်နေပါသည် ဖြစ်ပါသဖြင့် ဤပြင်ဆင်တဲ့ဥပဒေကြမ်းကို လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ရသေ့တောင်မဲဆန္ဒနယ်၊

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှတင်သွင်းသော ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ တွင်ပါရှိသော မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက် ၁၆ နှစ်အောက်မဟုတ်လျှင်မှုကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်အထိထောင်ဒဏ်အမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်ဆိုသည့် စကားရပ်များနောက်တွင် မည်သူမဆို အသက် ၁၆ နှစ်အောက် မိန်းကလေးငယ်တစ်ဦးအား မုဒိမ်းမှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဖြစ်စေ သို့မဟုတ် သေဒဏ်ဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်သည်။ မည်သူမဆို လူနှစ်ဦးမှအထက် ဝိုင်းဖွဲ့၍ အသက် ၁၆ နှစ်အောက်အရွယ် မိန်းကလေးတစ်ဦးအား မုဒိမ်းမှုကျူးလွန်လျှင် သေဒဏ်ချမှတ်ရမည်ဆိုသည့် စကားရပ်များဖြင့် အစားထိုးရမည်ဆိုသည့် အဆိုအား မန်တုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းမိုးမှ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် TV ဖန်သားပြင်မှကြည့်ရှုနေကြသော ပြည်သူများအားလုံးရှင်။ ကျွန်မတို့၏ အစိုးရသစ်၏ မူဝါဒတစ်ရပ်ဖြစ်သည့် ပြောင်းလဲချိန်တန်ပြီဆိုတဲ့စကားအတိုင်း ခေတ်နှင့်မလျော်ညီသောဥပဒေ၊ ပြည်သူများ၏ မွေးရာပါအခွင့်အရေးကို ထိခိုက်စေသည့် ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းရေးဆွဲရသည့်တာဝန်အပြည့်အဝရှိသူတွေမှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြီးမားဆုံးသော တာဝန်တစ်ရပ်ဖြစ်ပါတယ်။ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ လက်တွေ့ဖြစ်ပျက်နေသည့်အကြောင်းအရာနှင့်ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။

သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်ပြီး ထိရောက်သောပြစ်ဒဏ်မရှိသည့်အတွက် မုဒိမ်းမှုကျူးလွန်ပြီးပါက အသက်သေသည့်ဖြစ်ရပ်များနှင့် အသေမသတ်လျှင်ပင် ပြုကျင့်ခံရသူ၏ ကိုယ်ခန္ဓာနှင့်အင်္ဂါများ ပျက်စီးဆုံးရှုံးရပါတယ်။ ထို့အပြင် မုဒိမ်းပြုကျင့်ခံရသည့်ကလေးကို မိသားစုသော်လည်းကောင်း၊ ကျောင်းမှကျောင်းသားအနေဖြင့် ပြန်လက်မခံခြင်း။ ဥပမာ အပျိုမစစ်အမည်းစက်ကြောင့် ဘဝဆုံးရှုံးခြင်း၊ မုဒိမ်းမှုကြုံတွေ့ပြီးသောကလေးသည် လိင်ပိုင်းဆိုင်ရာအထိအတွေ့ရှိသွားခြင်းကြောင့် ကျောင်းမှလည်းပြန်လက်မခံခြင်း၊ ကလေးအနေဖြင့် ပတ်ဝန်းကျင်ကြောင့် ပတ်ဝန်းကျင်တွင် ခေါင်းမဖော်ရဲအောင်ဖြစ်ပြီး ကျောင်းဆက်မတက်နိုင်ဖြစ်ခြင်း၊ ကျောင်းထုတ်ရမည်ဆိုသည့် စည်းမျဉ်းမရှိပေမဲ့လည်း ကျောင်းကပြန်လက်မခံရဲခြင်းကြောင့် ကျောင်းကိုထွက်လိုက်ရသည်ကို တွေ့မြင်ရပါ

တယ်။ အဲဒါကြောင့် ကလေးကကျောင်းပညာသင်ခွင့်ကို ဆုံးရှုံးလိုက်ရသည့်အပြင် ဘဝထိခိုက်နစ်နာ ဆုံးရှုံးလိုက်ရပါတယ်။ ထိုကဲ့သို့ ဘဝထိခိုက်နစ်နာဆုံးရှုံးသွားတဲ့ နစ်နာမှုနှင့်ညီမျှသည့်ပြစ်ဒဏ်ကို ချမှတ်ပေးဖို့လိုအပ်ပါတယ်။ ပြင်းထန်တဲ့ပြစ်ဒဏ်ချမှတ်မှသာ ထိုကဲ့သို့ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည် ဖြစ်ပါတယ်။ ဥပဒေလမ်းကြောင်းအနေဖြင့်လည်း သက်ငယ်မုဒိမ်းမှုသည် လွတ်ငြိမ်းချမ်းသာခွင့် မရှိသင့်ပါဘူး။ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်လာပါက မြို့နယ်တရားသူကြီးပင်လျှင် အထူးအခွင့်အရေး အနေဖြင့် ပြစ်ဒဏ်ချပိုင်ခွင့်ပေးသင့်ပါတယ်။ ယခုအချိန်အထိ မြို့နယ်တရားသူကြီး၏ အကန့်အသတ် ရှိသော ပြစ်ဒဏ်ချမှတ်ပိုင်ခွင့်သည် အများဆုံးခုနစ်နှစ်သာ ဖြစ်နေတဲ့အတွက်ကြောင့် အမှန်တကယ် ပြစ်ဒဏ်ချမှတ်ပါက သုံးနှစ်မှ ခုနစ်နှစ်အတွင်းသာရှိပါတယ်။ သက်ငယ်မုဒိမ်းမှုသည် နိုင်ငံ၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေပါတယ်။ အမှုလိုက်နေတဲ့ကာလမှာ ဆင်းရဲတွင်းပိုနက်စေတဲ့အတွက် နိုင်ငံအတွက်ဆုံးရှုံးမှု ဖြစ်ပါတယ်။ ယဉ်ကျေးပြီး ဘာသာရေးကိုင်းရှိုင်းတဲ့နိုင်ငံမှာ ဒီလိုသက်ငယ်မုဒိမ်းမှု တွေကို ဥပဒေနဲ့ထိရောက်စွာ မထိန်းနိုင်ခဲ့ရင် သက်ငယ်မုဒိမ်းမှုများတဲ့နိုင်ငံဆိုပြီး ကမ္ဘာ့အလယ်မှာ နာမည်ဆိုးနဲ့ သမိုင်းတွင်ကျန်ရစ်စေမည့်အရေးကို ထိန်းသိမ်းသည့်အနေဖြင့် ဘဝနဲ့ရင်းပြီးခံလိုက် ရသည့်ပေးဆပ်မှုနှင့် ထိုက်တန်သည့် ထိရောက်တိကျသော အပြစ်ဒဏ်ပေးခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးရာရောက်ပါတယ်။ ကျွန်မတို့နိုင်ငံသူနိုင်ငံသားကို ခြိမ်းခြောက်နေသည့် သက်ငယ်မုဒိမ်းမှုသည် အချိန်မရွေး၊ နေရာမရွေးဖြစ်နိုင်သည့်အတွက် ကလေးများနှင့်အမျိုးသမီးများ ၏ ဘဝလုံခြုံမှုကို အပြည့်အဝပေးနိုင်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။

အမျိုးသမီးနှင့်ကလေးငယ်များအတွက် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးတဲ့အခါမှာ အသက်ဝင်ရန်အရေးကြီးလိုအပ်နေသေး သည်ကို တွေ့ရှိရပါတယ်။ လူအများ အလွယ်တကူပြောဆိုနေကြတဲ့ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက် ခြင်းကိစ္စသည် ကြုံတွေ့နေရသည့် အမျိုးသမီးနှင့်ကလေးသူငယ်များအတွက် ကြီးမားသော စိတ်အနှောင့် အယှက်ကိုဖြစ်စေနိုင်သော ကိုယ်ရည်ကိုယ်သွေးထိခိုက်ခြင်း၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုနည်းပါး သွားခြင်း၊ စိတ်ဖိစီးခြင်းစသည့်ဆိုးကျိုးများကို ရရှိစေပါတယ်။ ထိုအခြေအနေကို ဖော်ထုတ်ခြင်း၊ ဖြေရှင်းရန်အားထုတ်ခြင်းမပြုလုပ်ဘူးဆိုရင် စံချိန်စံညွှန်းကျတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်း တည်မြဲရေးကိုအားပေးစေသည်ဟု မြန်မာအမျိုးသမီးသမဂ္ဂအဖွဲ့မှ လေးနက်စွာယုံကြည်သည်ဟုလည်း ဆိုထားသည်ကို တွေ့ရှိရပါသည်။

**မူကြမ်း**

ယခု ကျွန်မ၏ဆွေးနွေးချက်သည် ကျွန်မတို့အမျိုးသမီးတွေအတွက်ပဲ မဟုတ်ပါဘူး။ အစည်းအဝေးခန်းမထဲမှာ ထိုင်နေကြသော လူကြီးမင်းများ၊ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော လူသားတွေအားလုံးတို့၏ ဆွေးမျိုးသားချင်း၊ မောင်နှမများတို့အတွက် စိတ်ခြောက်ခြားစရာကောင်းတဲ့ ပြဿနာများအား တာဝန်အပြည့်အဝရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ကူညီဖြေရှင်းဖို့နဲ့ ပြောင်းလဲဖို့တောင်းဆိုရင်း ဤအဆိုကိုပြည်သူ့လွှတ်တော်တွင် ထောက်ခံဆွေးနွေးသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ တင်သွင်းတဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါ။

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း ဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေတင်သွင်းသွားတဲ့ ၁၈၆၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးဖို့ တင်သွင်းတဲ့အဆိုနှင့်ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့တာဖြစ်လို့ တစ်စုံတစ်ရာဆွေးနွေးပြောဆိုရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကခွင့်ပြုမယ်ဆိုရင် ယခုတင်သွင်းတဲ့ဥပဒေကြမ်းနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့တွေ့ရှိချက်ကို တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ကျေးဇူးတင်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်နှင့် ကျွန်တော်ဆက်လက်ဆွေးနွေးပါ့မယ်။ ရာဇသတ်ကြီးလို့ခေါ်တဲ့ မြန်မာလိုခေါ်တဲ့ Penal Code ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ ကျော်က အင်္ဂလိပ်ဘာသာနဲ့ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ ဖြစ်ပါတယ်။ ယနေ့အထိလည်း အင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်နဲ့ပဲ အတည်ဖြစ်နေတဲ့ ဥပဒေဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အင်္ဂလိပ်ဘာသာနဲ့ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်တဲ့ မြန်မာလို ရာဇသတ်ကြီးဥပဒေလိုခေါ်တဲ့ Penal Code နဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေ

လို့ခေါ်တဲ့ Code of Criminal Procedure တို့ကို ပြင်ဆင်တဲ့ဥပဒေများ ပြဋ္ဌာန်းခဲ့တာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးသိပြီးဖြစ်ပါတယ်။ အဆိုပါ အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေနှစ်ရပ်ကိုပြင်ဆင်ရန် ပြင်ဆင်ဖို့တင်သွင်းတဲ့ ဥပဒေကြမ်းတွေမှာ ပြင်ဆင်လိုတဲ့ ပြဋ္ဌာန်းချက်စကားရပ်များကို အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြပြီး ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းတစ်ခုအား ဥပဒေအထူးအထိ ပြဋ္ဌာန်းနိုင်တဲ့အထိ ရည်ရွယ်ပြီးရေးသားဖို့ လိုပါတယ်။ ယခုတင်သွင်းတဲ့ဥပဒေကြမ်းဟာ Penal Code မှာပါတဲ့ မုဒိမ်းမှုနှင့်ပတ်သက်တဲ့ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ ၃၇၆ ချက်မှာ အသက် ၁၆ နှစ်အောက်မိန်းကလေးများအား ကျူးလွန်တဲ့မုဒိမ်းမှုအတွက် သီးခြားပြစ်ဒဏ်ဖြည့်စွက်ပြင်ဆင်ဖို့ ဖြစ်တာကိုတွေ့ရပါတယ်။ ဥပဒေကြမ်းမှာ ပုဒ်မ ၃၇၆ ရဲ့ မူရင်းပြဋ္ဌာန်းချက်များနှင့် အသက် ၁၆ နှစ်မိန်းကလေးများအား ကျူးလွန်တဲ့မုဒိမ်းမှုတွင် ဖြည့်စွက်လိုတဲ့ပြစ်ဒဏ်များကို မြန်မာစာနှင့် မြန်မာဘာသာစကားနှင့်ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။ အင်္ဂလိပ်ဘာသာပြဋ္ဌာန်းထားတဲ့ဥပဒေကို ဖြည့်စွက်ပြင်ဆင်ဖို့အတွက် ပြင်ဆင်လိုတဲ့အချက်များကို မြန်မာဘာသာစကားနှင့် တင်သွင်းတဲ့ဥပဒေကြမ်းဟာ သင့်မြတ်လျော်ကန်ခြင်းရှိ/မရှိ စဉ်းစားဖို့လိုမယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ တစ်ဆက်တည်းပဲကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အသိပေးလိုပါတယ်။ ဒါကတော့ မုဒိမ်းမှုများကို မြို့နယ်တရားရုံးများကသာ စစ်ဆေးစီရင်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ မြို့နယ်တရားရုံးများဟာ ဥပဒေကသတ်မှတ်တဲ့ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်နိုင်ခြင်းမရှိလို့ ဥပဒေပါအမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်နိုင်ဖို့အတွက် သက်ငယ်မုဒိမ်းမှုများကို ခရိုင်တရားရုံးများက လက်ခံစစ်ဆေးသွားဖို့၊ မြို့နယ်တရားရုံးမှာစွဲဆိုထားတဲ့ သက်ငယ်မုဒိမ်းမှုများကို ခရိုင်တရားရုံးများသို့ လွှဲပြောင်းပြီး ခရိုင်တရားရုံးများက ဆက်လက်စစ်ဆေးသွားဖို့၊ ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်တဲ့တရားခံများကို ဥပဒေမှာသတ်မှတ်ထားတဲ့ အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်ဖို့ဆိုပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကနေပြီးတော့ ၂၀၁၇ ခုနှစ်အတွင်းမှာ ကျွန်တော်တို့ညွှန်ကြားချက်တွေကလည်း ထုတ်ပြီးပြီဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က (၁၈၆၁)ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလွှတ်တော်က လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပြဋ္ဌာန်းပြီး ပြည်ထောင်စုတရား

လွှတ်တော်ချုပ်က မူရင်းရာဇသတ်ကြီး Penal Code သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်၍ ပြင်ဆင်ပါက အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ချက်ပြုခြင်းက မူရင်းပြဋ္ဌာန်းချက်ထဲမှာ ထည့်သွင်းပြင်ဆင်မှ အဆင်ပြေနိုင်မယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇသတ်ကြီး Penal Code နဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေ Criminal Procedure Code ကို ပြင်ဆင်တဲ့ဥပဒေကြမ်းများ တင်သွင်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများမှာလည်း ပြင်ဆင်ချက်ကို အင်္ဂလိပ်ဘာသာနဲ့ပဲ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့သာဓကရှိပါတယ်ဆိုပြီးတော့ တင်ပြသွားပါတယ်။ ဒါကြောင့် ယခုဒေါ်ခင်စောဝေ တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးကိုပြင်ဆင်တဲ့ဥပဒေကြမ်းဟာ ပြင်ဆင်ချက်ကို မြန်မာလိုသာရေးသားထားတဲ့အတွက် မူရင်းအင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်တွင် ထည့်သွင်းပြင်ဆင်ရန် ပြင်ဆင်ရေးနည်းလမ်းမမှန်ကြောင်း တင်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ရာဇသတ်ကြီးကို ပြင်ဆင်လိုပါက နည်းလမ်းတကျပြင်ဆင်ပြီးမှ တင်သွင်းသင့်ကြောင်း တွေ့ရှိရပါသဖြင့် ဒေါ်ခင်စောဝေ တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန်မသင့်ကြောင်း လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်စောဝေ တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကလက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က တင်သွင်းသည့် ကျောင်းမုန့်စျေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ စျေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်သည့် ဓာတုဆိုးဆေးပါစားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့်စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့

(၉-၁၂-၂၀၁၆ရက်နေ့)မှာတင်သွင်းတဲ့ ကျောင်းမုန့်ဈေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်တဲ့ ဓာတုဆေးဝါးစားသောက် ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရန် တာဝန် ရှိသည့်ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့်စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။ ပထမဦးစွာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်၏အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏ ကျောင်းမုန့်ဈေးတန်း များအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးပါစားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများနှင့်ပတ်သက်၍ လက်ရှိ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၇၂ ခုနှစ်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ၊ ၁၉၉၇ ခုနှစ်၊ အမျိုးသား အစားအသောက်ဥပဒေနှင့် ၂၀၁၄ ခုနှစ်၊ စားသောက်သူအခွင့်အရေးကာကွယ်ပေးရေးဥပဒေများအရ ပြည်သူလူထုအား ကျန်းမာရေးနှင့်ပတ်သက်၍ အစားအသောက်ဘေးဥပဒ်အန္တရာယ်မှ ကာကွယ်ပေး ထားသည့်ဥပဒေများရှိပါလျက် ဥပဒေများကျင့်သုံးကိုင်တွယ်ဆောင်ရွက်သူ ဌာနဆိုင်ရာများမှ တိကျစွာ ဆောင်ရွက်မှုအားနည်းသဖြင့် ယခုကဲ့သို့ အဆိုရှင်မှ အဆိုတင်သွင်းတိုက်တွန်းရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃ ရည်ရွယ်ချက်များမှာ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ပြည်သူတို့စားသုံးနိုင်ရန်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အစားအသောက်ကို အများပြည်သူတို့စားသုံးမိခြင်းမှကာကွယ်နိုင်ရန်၊ ထိန်းချုပ်အစားအသောက် ထုတ်လုပ်ခြင်းကို စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်၊ အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့

တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် အစားအသောက်နှင့်ပတ်သက်၍ စားသုံးသူပြည်သူဘက်မှ ကာကွယ်ပြဋ္ဌာန်းထားကြောင်း တွေ့ရပါတယ်။ အထက်ဖော်ပြပါဥပဒေများကို လိုက်နာကျင့်သုံးရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)သည် ၁၉၉၅ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာန၏ ဌာနခွဲအဖြစ်သာ အစားအသောက်ဆေးဝါးများနှင့် အလှကုန်၊ လူသုံးကုန်ပစ္စည်းများ အရည်အသွေးနှင့် ထိန်းသိမ်းရေးအတွက်သာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် ပိုမိုကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါတယ်။ ထိုသို့ဖွဲ့စည်းပေးခဲ့သော်လည်း FDA ၏ဆောင်ရွက်မှုသည် စားသုံးသူပြည်သူများ အကာအကွယ်ပေးကြောင်း၊ ကျန်းမာရေးနှင့်မညီသော အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးတင်သွင်းရောင်းချသူများအား ပွင့်လင်းမြင်သာစွာရွေးယူကြောင်း တွေ့ရှိရခြင်းမရှိပါ။ စားသုံးသူပြည်သူများအနေဖြင့် အခြေခံကျန်းမာရေးဗဟုသုတအားနည်းကြသဖြင့် မည်သည့်အစားအသောက်ကဘေးကင်းပြီး မည်သည့်အစားအသောက်ကဆေးဖြစ်သည်ကို ကောင်းမွန်မှန်ကန်စွာ မဆုံးဖြတ်နိုင်ပါ။ အခြေခံလူတန်းစားများသည် ကိုယ့်ဝင်ငွေအလိုက်ရွေးချယ်သည့်နည်းလမ်းကိုသာ အသုံးပြုပြီး စားသုံးရသည့်အတွက် ဘေးကင်းပြီးအာဟာရပြည့်ဝသည့် အစားအသောက်များကို လက်လှမ်းမမီနိုင်ပါ။ မြန်မာနိုင်ငံသားများ၏ အခြေခံအစားအသောက်ဖြစ်သော ငါးပိတွင် အာဆင်းနစ်ဓာတ်များ၊ ယူရီးယားဓာတ်မြေဩဇာများ၊ ငရုတ်သီးဖြစ်သည့် အကြမ်းမှုန့်၊ အနုမှုန့်၊ လှော်ထောင်းမှုန့်၊ အစိမ်းမှုန့်တို့တွင် ခွင့်မပြုဆိုးဆေးများ၊ မှိုဆိပ်များပါဝင်ကြောင်း လေ့လာဖတ်ရှုရသဖြင့် ကမ္ဘာတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ဒုတိယအများဆုံးဖြစ်နေရသည့် ကျွန်တော်တို့နိုင်ငံအတွက် လွန်စွာမှ အန္တရာယ် ကြီးမားနေသည့်အခြေအနေဖြစ်ပါတယ်။ ထို့ထက်ပိုဆိုးသည်မှာ တိုင်းပြည်အနာဂတ်ဖြစ်သော ကလေးသူငယ်ကျောင်းသားလူငယ်များ၏ နေ့စဉ်စားသုံးနေသည့် ကျောင်းမုန့်ဈေးတန်းတွင် အရည်အသွေးနိမ့်ပါးသော်လည်း အရောင်အသွေးစုံလင်စွာဖြင့် စွဲဆောင်လျက်ရှိသော တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် သရေစာများအား ထိန်းချုပ်နိုင်ခြင်းမရှိပါက ကလေးသူငယ်များ အဆိပ်သင့်ဒဏ်ခံစားရပြီး ရောဂါမျိုးစုံနဲ့ အသက်တိုသည့်မျိုးဆက်များဖြစ်လာမည့်အရေး စိတ်မအေးဖွယ်ဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးငယ်များ၏ ကျောင်းမုန့်ဈေးတန်းရှိ မုန့်ပဲသရေစာဈေးကွက်သည် အလွန်ကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။

ကလေးသူငယ်များစားသုံးသော မုန့်ပဲသရေစာများတွင် အန္တရာယ်ကင်းရှင်းရေးကို ကျောင်းသားမိဘများနှင့် ဆရာများအပါအဝင် ရောင်းချသူများကိုယ်တိုင်ပူးပေါင်းပါဝင်မှသာ ကျန်းမာသန်စွမ်းသောကလေးသူငယ်များကိုပိုင်ဆိုင်ကာ အနာဂတ်အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါတယ်။ နုနယ်သောကလေးသူငယ်များ၏ ကျန်းမာသန်စွမ်းသောနေထိုင်စားသောက်မှုကို အာမခံနိုင်မှုရှိစေရေးအတွက် တည်ဆဲဥပဒေအရဖွဲ့စည်းထားသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစားအသောက်ထုတ်လုပ်သူများ၊ တင်သွင်းရောင်းချသူများ၏အခန်းကဏ္ဍသည် အဓိကကျလှပါတယ်။ ကျောင်းမုန့်ဈေးတန်း၏မုန့်ပဲသရေစာများ၊ အသင့်စား စားသောက်ကုန်များတွင်ပါဝင်သော ဓာတုဗေဒဆိုးဆေးများကြောင့် စိတ်ကျရောဂါ၊ စိတ်ဂနာမငြိမ်ရောဂါ၊ ကင်ဆာရောဂါ၊ အာရုံစူးစိုက်မရခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ မှတ်ဉာဏ်လျော့ကျခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းစသည့်ရောဂါများဖြစ်ပွားကြောင်း လေ့လာတွေ့ရှိရသဖြင့် အနာဂတ်မျိုးဆက်လူငယ်များအတွက် များစွာစိုးရိမ်ပူပန်မိပါတယ်။ တည်ဆဲဥပဒေများအရ ဘေးဥပဒ်အန္တရာယ်ရှိသော စားသောက်ကုန်များ တင်သွင်းရောင်းချဖြန့်ဖြူးမှုအတွက် ထိရောက်သည့်ပြစ်ဒဏ်များချမှတ်နိုင်ရန် ပြဋ္ဌာန်းထားသော်လည်း ဥပဒေကိုကိုင်တွယ်ကျင့်သုံးသူဌာနဆိုင်ရာများမှ တရားဥပဒေစိုးမိုးရေးကို တိတိကျကျအကောင်အထည်မဖော်နိုင်ပါက ပြည်သူ့အပေါ် တာဝန်ကျေပွန်သည့်ဝန်ထမ်းကောင်းများ ဖြစ်မလာနိုင်ပါ။ မြန်မာ့ဆိုရိုးတွင် အစာလည်းဆေး၊ ဆေးလည်းအစာဟုဆိုရိုးရှိသဖြင့် မြန်မာတစ်မျိုးသားလုံး ဘေးကင်းအာဟာရပြည့်ဝသည့် စားသောက်ကုန်များ စားသောက်နိုင်ရေးအတွက် ဥပဒေများဖြင့် တိကျစွာကြပ်မတ်ခြင်း၊ အသိပညာပေးခြင်း၊ ဘေးဥပဒ်အန္တရာယ်ရှိသော စားသောက်ကုန်များအား ထိရောက်စွာတားဆီးနှိမ်နင်းခြင်းတို့ကို သက်ဆိုင်ရာဌာနများပါဝင်သည့် နိုင်ငံတော်အဆင့်စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့လို့တိုက်တွန်းရင်း အဆိုရှင်၏အဆိုအား လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ အင်းလေးဒေသ၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝအရင်းအမြစ်တွေကို လျှော့ယူသုံးစွဲပြီး ကျွန်တော်တို့တိုင်းပြည်ကို လူသား

အရင်းအမြစ်နဲ့ထူထောင်မယ့်အချိန်မှာ ကျွန်တော်တို့ ရပ်ပစ္စည်းအရ ကျောင်းတွေ၊ ဆေးရုံတွေ ဘယ်လို ပဲဆောက်ဆောက် ကျန်းမာရေးမကောင်းတဲ့၊ ချူချာတဲ့လူငယ်တွေ အနာဂတ်ခေါင်းဆောင်အဖြစ် မွေးထုတ်ရမှာ အလွန်ပဲရင်လေးဖွယ်ကောင်းလှပါတယ်။ အဲဒီအတွက်ကြောင့် အသံတိတ် လူတွေကို တရိပ်ရိပ်နဲ့အသက်တိုအောင်သတ်နေတဲ့ ဒီဓာတုဆေးပါစားသောက်ကုန်တွေကို အဆိုရှင် ဒေါက်တာ ဒေါ်အေဇင်လတ်နှင့် အဆိုရှင်ကိုထောက်ခံသွားတဲ့ ဒေါက်တာဝင်းအောင်တို့ရဲ့အဆိုများမှာလည်း တော်တော်လေးပြည့်ပြည့်စုံစုံ ဖော်ပြသွားတာတွေ့ပါတယ်။ အဲဒီအထဲကမှ ကျွန်တော်က အဓိက သုံးချက်ကို တိုက်တွန်းထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမတစ်ချက်ကတော့ တာဝန်ရှိတဲ့ဌာနဆိုင်ရာများစုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်အချက်ဖြစ်ပါတယ်။ အဲဒီအချက်ထဲမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း သူ့အလုပ်ကိုယ့်အလုပ်မခွဲခြားဘဲ ပူးပေါင်းဆောင်ရွက် မှဖြစ်မှာပါ။ ပြည်သူများကလည်း ပူးပေါင်းလာမှဖြစ်မှာပါ။ အရင် ဇန်နဝါရီလ ၂၅ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားအာဟာရအစည်းအဝေးမှာလည်း ဒီလိုဝန်ကြီးဌာနတွေ ပူးပေါင်းပါဝင်ဖို့၊ ပြည်သူတွေပူးပေါင်းပါဝင်ဖို့ တင်ပြအပ်ပါတယ်။ ထို့အတူပဲ ဥက္ကဋ္ဌကြီး မကြာခဏ လမ်းညွှန်မှာကြားတဲ့အတိုင်း ကျွန်တော်တို့ ဒီလွှတ်တော်အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့မြို့နယ်အသီးသီးက ကိုယ်စားလှယ်ရှိပါတယ်။ အားလုံးပါပဲ။ အဲဒီတော့ ကိုယ့် မြို့နယ်ကိုယ်ပြန်ရောက်တဲ့အခါမှာ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ဥပဒေတွေလည်းရှိပြီးဖြစ်တဲ့ အတွက်ကြောင့် စောင့်ကြည့်စစ်ဆေးဆောင်ရွက်ပြီး ကွင်းဆင်းစေချင်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဈေးကွက်အတွင်းရောင်းချလျက်ရှိတဲ့ကိစ္စပါပဲ။ ဈေးကွက်အတွင်းကိုရောက်ဖို့ ပြည်ပနှင့်ပြည်တွင်း နှစ်နေရာပဲရှိပါတယ်။ ပထမ ပြည်ပဈေးကွက်ကဝင်လာတဲ့ ဝင်ပေါက်တွေကို တည်ဆဲဥပဒေတွေနဲ့ ဖမ်းဆီးစစ်ဆေးအရေးယူဖို့ အဓိကလိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းကိုမဝင်လာအောင် တားဆီးနိုင်ပါတယ်။ ဆန်၊ ဆီ၊ အသားတွေကအစ ကျွန်တော်တို့ပြည်တွင်းကို ဓာတုဆေးတွေပါတဲ့ စားသောက်ကုန်များဝင်နေတာကို မဝင်ခင်ကတည်းက တားဆီးလို့ရပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ပြည်တွင်းထုတ်ကုန်တွေပါ။ ပြည်တွင်းမှာထုတ်လုပ်နေတဲ့ အစားအသောက်တွေကို စက်ရုံ၊ အလုပ်ရုံ တွေမှာ စစ်ဆေးပြီးတော့ ရပ်သိမ်း၊ ပိတ်သိမ်းဖို့လိုပါတယ်။ အရင်က ကျောင်းမှာ၊ ဈေးမှာ ဖမ်းဆီး သိမ်းဆည်းပြီးတော့ စုပေါင်းမီးရှို့ပွဲတွေလုပ်တာဟာ တိုင်းပြည်ဘဏ္ဍာထိခိုက်သလို ထိလည်း မထိရောက်ပါဘူး။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ဒီပင်ရင်းတွေကို အရင်ပိတ်စေချင်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကျောင်းမုန့်စျေးတန်းအပါအဝင်ဆိုတဲ့အချက်လေးပါ။ ကျောင်းမုန့်စျေးတန်းအပါအဝင်ဆိုတော့ ကျွန်တော်တို့ အနာဂတ်မျိုးဆက်လူငယ်တွေကို မွေးထုတ်ပေးတဲ့ကျောင်း အပါအဝင် တခြားနေရာ၊ နေရာတွေမှာလည်း ဓာတုဆေးဝါးပစ္စည်းတွေရှိပါတယ်။ စားစရာတွေမှာလည်း ဓာတုဆေး၊ သောက်စရာ ယမကာ အကုန်ဓာတုဆေး၊ ရှူစရာလေတွေလည်း မသန့်တော့ပါဘူး။ ကျွန်တော်တို့အင်းလေးဒေသကြီးဟာ ရေချိုအိုင်ကြီးဖြစ်ပေမဲ့ အဲဒီရေချိုကို သောက်လို့သုံးလို့မရတော့ပါဘူး။ ဒါ ဓာတုဆိုးဆေးတွေရဲ့အပြစ်တွေပါ။

ထို့အတူပဲ ကျွန်တော်တို့အင်းလေးဒေသကို ယခု ကျွန်တော်တို့ အစိုးရလက်ထက်ကာလမှာ ဓာတုဆေးကင်းစင်နယ်မြေဆိုပြီး ကျွန်တော်တို့ ဆိုင်းဘုတ်တွေထောင်နေပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကြီးဟာ ဆိုင်းဘုတ်တွေအများကြီးထောင်ပြီး အလုပ်မလုပ်မှာစိုးလို့ ကျွန်တော်တို့ လက်တွေ့ဆင်းပြီး ပြည်သူတွေကို ဘယ်လို အစားထိုးပစ္စည်းတွေတင်သွင်းရမယ်။ ဌာနဆိုင်ရာတွေနဲ့ပေါင်းပြီးတော့ စျေးသင့်တင့်တဲ့ နိုင်ငံခြားကပစ္စည်းတွေတင်သွင်းဖို့ ကျွန်တော်တို့ ပညာပေးဆွေးနွေးပွဲတွေလည်းလုပ်နေပါတယ်။ ကျောင်းမုန့်စျေးတန်းကိစ္စကိုပြောပါရစေ။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ကျောင်းမုန့်စျေးတန်းကိစ္စမှာ တချို့ကျောင်းတွေဟာ အာဟာရအုပ်စုသုံးမျိုးပါတဲ့အစာတွေကို ထမင်းချိုင့်ထုတ်ပေးဖို့ အတန်းပိုင်ဆရာမတွေက မိဘတွေကို အမြဲညွှန်ကြားတဲ့ ကျောင်းအချို့တွေလည်း ရှိနေပါတယ်။ ဒါပေမဲ့ ကျောင်းမုန့်စျေးတန်းကိုသွားရင် ဘယ်လိုပဲ ထမင်းချိုင့်ထုတ်ထုတ် ကျောင်းသားတွေက ဒါတွေကိုမစားကြပါဘူး။ ကျွန်တော်တို့ ကျောင်းမုန့်စျေးတန်းရော၊ ဆရာမတွေရော ပြောပြပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကစားတဲ့ မုန့်ပျားသလက်တို့၊ ဘိန်းမုန့်တို့၊ သာကူကျိုတို့၊ ဂျုံကျိုတို့ အာဟာရရှိတဲ့အစာတွေရောင်းပါလား ဆရာမတို့ရေလို့ပြောရင် ဆရာတို့ ကလေးတွေက ဒီလိုအစားအစာတွေမစားဘူး။ အနီရောင်တွေ၊ အဝါရောင်တွေ၊ အစိမ်းရောင်တွေပါတဲ့ အစားအစာပဲစားတယ်။ မိဘတွေကလည်း အိမ်က ဘယ်လိုထမင်းချိုင့်ထုတ်ပေးထုတ်ပေး ကျောင်းကမုန့်စျေးတန်းကအစားအသောက်တွေကိုပဲစားတယ်လို့ ညည်းညူကြပါတယ်။ ကျောင်းမုန့်စျေးတန်း အတွင်းမှာ ဆရာမတွေနှင့် ကျောင်းမုန့်စျေးတန်းကို အသိပညာပေးလို့ရပေမဲ့ ကျောင်းပြင်ပမှာရှိတဲ့ မုန့်စျေးတန်းကိုတော့ ဘယ်လိုမှထိန်းချုပ်လို့မရဘဲ ကျောင်းသားတွေ အဲဒီမှာ အများဆုံးဝယ်ယူစားသောက်နေတာ ထိန်းကွပ်မှုမရှိဘဲဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ရဲ့ အနာဂတ် ကျန်းမာရေးကောင်းသော အာရောဂျံ ပရမံလာဘံဆိုတဲ့အတိုင်း တိုင်းပြည်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ ဆေးရုံ၊ ဆေးခန်းမှာလူမစည်အောင် ဓာတုဆေးတွေပါတဲ့ပစ္စည်းတွေကို ပြင်းပြင်းထန်ထန်ပိတ်သိမ်း

သွားဖို့ ဒေါက်တာအေဇင်လတ်အဆိုကို လေးလေးနက်နက် တိုက်တွန်းထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က အရာတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေဘို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံတွင် နေ့စဉ်စားသုံးနေသော အစားအစာများမှာ ကျန်းမာရေးရှုထောင့်အရ ပြည်သူများ မသုံးစွဲအပ်သည်ကို တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့ မြို့နယ်ရဲ့ သာရေးနာရေးကိစ္စများတွင် ဈေးချိုသော သန့်စင်ဆီခေါ် မြောင်းဆီများကို သုံးစွဲကြပါ တယ်။ မြောင်းဆီဆိုတာက တရုတ်နိုင်ငံ စားသောက်ဆိုင်များမှ စွန့်ပစ်ဆီများကို အရောင်ချွတ် အနံ့ ထည့်ပြီး မြန်မာပြည်ကို ပြန်လည်ရောင်းချသော ဆီများဖြစ်ပါတယ်။ မြောင်းဆီ တစ်ပိဿာလျှင် ၂၅၀၀ ကျပ် ပဲပေးရပါတယ်။ သဘာဝသီးနှံဆီများမှာ တစ်ပိဿာ အနည်းဆုံး ၄၀၀၀ ကျပ်ပေးရပါတယ်။ မြန်မာလူမျိုးများဟာ ငါးပိ၊ ငါးခြောက်များကို နေ့စဉ်စားသုံးကြပါတယ်။ ငါးပိတွင် အာဆင်းနစ် ဓာတ်များ၊ ယူရီးယားဓာတ်များ၊ မြေသြဇာများ ထည့်သွင်းရောင်းချကြပါတယ်။ အသား၊ ငါး၊ ဝက်အူချောင်းများတွင်လည်း မပုပ်မသိုးအောင် Formalin ဓာတုပစ္စည်းကို သုံးစွဲကြပါတယ်။ Formalin ဆိုတာက လူသေအလောင်းများ မပုပ်မသိုးအောင်သုံးသောဓာတုဆေးဖြစ်ပါတယ်။ လွန်ခဲ့သော သုံးနှစ်ခန့်က တရုတ်ပြည်တွင် နို့မှုန့်တုများကို စားသုံး၍ ကလေးသူငယ်များ ကျောက်ကပ် ပျက်ပြီး သေဆုံးရသည်ကို သတိရပြီး အစားအသောက်များရဲ့အန္တရာယ်ကို ရှောင်ရှားသင့်ပါတယ်။ ကျွန်တော်တို့မြို့နယ်ရဲ့ သားသတ်လိုင်စင်ရသူများဟာ အသားများကို ယင်မလာစေရန်၊ ယင်မအုံ စေရန် အသားများအပေါ်တွင် ပိုးသတ်ဆေးများကို ဖြန်းခြင်း၊ ရက်လွန်အသားများ မပုတ်သိုးစေရန် Formalin ဆေးများသုံးစွဲခြင်း ရှိနေပါတယ်။ နေ့စဉ်သုံးစွဲနေသော လက်ဖက်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်များတွင်လည်း ခွင့်မပြုဓာတုဆိုးဆေးများကို သုံးစွဲနေကြောင်း သိရပါတယ်။ စားသုံး

သူများဟာ ခွင့်မပြုဓာတုဆေးဝါးနှင့်ပတ်သက်လို့ လုံးဝမသိကြပါဘူး။ အထက်ပါအကြောင်းများကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဒုတိယ ကင်ဆာအဖြစ်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရပါတယ်။ သူများနိုင်ငံတွင် မသုံးစွဲသော ဟင်းချိုမှုန့်ကိုလည်း မြန်မာပြည်ကျေးလက်ဒေသများတွင် တွင်ကျယ်စွာ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ သို့ပါ၍ ဆီချို၊ သွေးတိုး၊ လေဖြတ်ရောဂါများ အဖြစ်များနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားသုံးသူရပိုင်ခွင့်(Consumer Right)ဟာ နိုင်ငံသားရပိုင်ခွင့်များတွင် တည်ရှိနေသော ရပိုင်ခွင့်တစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် ကျန်းမာရေးနှင့်ပတ်သက်တဲ့ ဥပဒေများ ပြဋ္ဌာန်းခဲ့ပါတယ်။ နောက် FDA ခေါ် ဆေးဝါးနှင့်အစားအသောက်ကွပ်ကဲရေးဦးစီးဌာနကိုလည်း ၁၉၉၅ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာန၏ ဌာနခွဲတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် ဦးစီးဌာနအဖြစ်တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။ နောက်အစားအသောက်ဓာတ်ခွဲခန်းများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်ထားပါတယ်။ ဓာတ်ခွဲခန်းများရဲ့ လုပ်ငန်းများမှာ အစားအသောက်နမူနာများတွင် စံပိုးအရေအတွက် သတ်မှတ်ချက် ကျော်လွန်မှုရှိ/မရှိ စစ်ဆေးခြင်း၊ နမူနာများတွင် Coliform, Staphylococci Aurous, Salmonellas, Vibrio Cholas စတဲ့ပိုးများ ပါဝင်မှုရှိ/မရှိစစ်ဆေးခြင်း၊ ခွင့်မပြုဆိုးဆေးများစစ်ဆေးခြင်း၊ နောက်အစားအသောက်ကို ကြာရှည်ခံထိန်းသိမ်းတဲ့ Preservative ဖြစ်တဲ့ Benzoic Acid, Nitric, Nitride ဆာဖာဒိုင်အောက်ဆိုဒ်စသည်တို့ကို စစ်ဆေးခြင်း၊ ယမကာများတွင် Methyl Alcohol နှင့် Fuel Oil ပါဝင်မှုစစ်ဆေးခြင်း၊ ဖျော်ရည်များတွင် ကဖိန်းဓာတ်ပါဝင်မှုစစ်ဆေးခြင်းများကို ပြုလုပ်ပေးပါတယ်။ အစားအသောက်နှင့်ဆေးဝါးထိန်းချုပ်မှုဥပဒေများပြဋ္ဌာန်းခြင်း၊ ဓာတ်ခွဲခန်းများတည်ထောင်ပေးခြင်းများကို နိုင်ငံတော်မှ ပြုလုပ်ပေးသော်လည်း ဥပဒေအသက်ဝင်ရန် ဌာနဆိုင်ရာများ၏ ကြိုးပမ်းမှုအားနည်းခြင်း၊ ဝန်ထမ်းအင်အားနည်းပါးခြင်း၊ အစားအသောက်နှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးမှုနည်းပါးခြင်းတို့ကြောင့် FDA ရဲ့လုပ်ငန်းစဉ်များမအောင်မြင်ဖြစ်နေရပါတယ်။ မြန်နိုင်ငံတစ်ဝန်းရှိဈေးကွက်တွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်သည့် ဓာတုဆေးဝါးစားသောက်ကုန်များရောင်းချနေခြင်းအား ထိရောက်စွာတားဆီးနိုင်ရန် ဌာနဆိုင်ရာအများစု ပူးပေါင်းပါဝင်သော စီမံချက်နှင့် လူထု၏ ပူးပေါင်းပါဝင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းနှိုးဆော်လိုက်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ လေ့လာသူအပေါင်း မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မူလတန်းကျောင်း ကျွန်တော်တို့ ကျောက်တံတားမြို့နယ်အတွင်းမှာရှိတဲ့ ပတ်ဝန်းကျင်မှာရောင်းချတဲ့ မုန့်ပဲသရေစာဆိုင်များပါ။ ဒီမှာ အဟာရပြည့်တာဆိုလို့ ငှက်ပျောသီးအခိုင်လေးပဲတွေ့ပါတယ်။ တခြားဥစ္စာတွေကတော့ တရုတ်ပြည်ကလာတဲ့ FDA စစ်ထားလား၊ မစစ်ထားလား ကျွန်တော်တို့ မသိပါဘူး။ ဆိုင်တိုင်းမှာတော့ ရောင်းချနေတဲ့ Jelly တွေ၊ ဓာတုဆေးဝါးပါတဲ့ မုန့်တွေဖြစ်ပါတယ်။ ဒါကတော့ ကျောင်းကိစ္စပဲမဟုတ်ဘဲနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြည်သူပြည်သားများ ကျွန်တော်တို့ စားသုံးနေကြတဲ့ အချဉ်တွေ၊ ငရုတ်ဆီတွေ၊ သရက်သီးတွေ၊ ဆီးချိုသီးတွေဆိုတာဟာလည်း ဓာတုပစ္စည်းတွေနဲ့ လှပအောင်ဆိုးပြီးတော့ရောင်းနေတာကို တွေ့ရှိရပါတယ်။ ဒါကတော့ ဝက်သားဒုတ်ထိုးဆိုင်တွေပေါ့။ ကျွန်တော်တို့လူမျိုးက ဝက်သားဒုတ်ထိုးကို အလွန်အကျွံစားသောက်ပါတယ်။ ဒါပေမယ့် ဝက်သားဒုတ်ထိုးမှာလည်း ရေရှည်ခံအောင် ဆေးတွေနဲ့ ထားပါတယ်။ ငရုတ်ကောင်းဆီတွေ၊ ငရုတ်ဆီတွေအသုံးပြုပါတယ်။ ပြီးတော့ ဒီဥစ္စာက ကလေးသူငယ်များစားတဲ့ ရေခဲခြစ်တွေဖြစ်ပါတယ်။ ဒီရေခဲခြစ်တွေမှာလည်း ဓာတုဆေးရည်တွေပါတဲ့ အချိုရည်တွေနဲ့ ကျွန်တော်တို့ အသုံးပြုနေတာ တွေ့ရပါတယ်။

ဒါကတော့ ကျောင်းတွင်းစည်းကမ်းချက်ပေါ့။ မုန့်ဈေးတန်းမှာ ဘာတွေလုပ်ရမလဲဆိုတဲ့ စည်းကမ်းချက်တော့ရှိပါတယ်။ ဒါပေမယ့် အဲဒီစည်းကမ်းချက်ကို ကျွန်တော်တို့အားလုံး ဒီပြည်သူတွေရော၊ ဆရာဆရာမတွေရော၊ ကျောင်းသူကျောင်းသားတွေရော၊ မိဘတွေရော စည်းကမ်းချက်သာရှိပြီးတော့ အတိအကျအကောင်အထည်မဖော်နိုင်တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကတော့ အ.ထ.က ကျောင်းရဲ့ ဈေးတန်းမှာရောင်းပါတယ်။ အဲဒီမုန့်တွေမှာ ပေါင်မုန့်တို့၊ တချို့အချိုရည်တို့ ဘာတို့ဆိုတာ သက်တမ်းဘယ်နေ့မှာထုတ်တယ်။ သက်တမ်းဘယ်နေ့မှာကုန်ဆုံးတယ်။ Expire Date ကို ဘယ်လိုလဲဆိုတာကို ကျွန်တော်တို့ တွေ့ရှိရခြင်းမရှိပါဘူး။ နောက်ပြီးတော့လည်း ဒီကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းကို ဘယ်လိုသွင်းပြီးတော့ ဘယ်လိုရောင်းယူခဲ့တယ်။ သူများနိုင်ငံတွေမှာဆိုရင်တော့ ကျွန်တော်တို့ ဒီလိုဆိုရင် FDA စစ်ဆေးပြီးသား အခွန်ကောက်ပြီးသား စာရွက်စာတမ်း

အစိုးရက တရားဝင်လုပ်ထားတဲ့ဥစ္စာတွေတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ အဲဒီလိုမျိုး စနစ်တကျတွေ့ရှိရခြင်းမရှိပါဘူး။

ဒါကတော့ ဆိုးဆေးတွေသုံးထားတဲ့ ငရုတ်သီးမှုန့်တို့ အခု သတင်းစာတွေထဲမှာလည်း အများကြီး ကြေညာနေတာတွေ့ပါတယ်။ ကျန်းမာရေးဌာနက ဘယ်တံဆိပ်တွေကတော့ အကျုံးမဝင်ဘူး။ ဘယ်တံဆိပ်တွေကတော့ အန္တရာယ်ရှိတယ်။ နောက်ပြီးတော့ ဒီဥစ္စာက ငါးခြောက်တွေ၊ ဆတ်သားခြောက်တွေလုပ်ရတဲ့ဥစ္စာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အထူးသဖြင့် နောင်လာနောင်သားတွေ၊ လူငယ်တွေ၊ ပြည်သူတွေဆိုတာ ကျွန်တော်တို့နိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် ကာယရေး၊ ဉာဏရေး၊ စွမ်းအားတွေလိုပါတယ်။ ကျွန်တော်တို့ ကာယရေး၊ ဉာဏရေး ကောင်းဖို့ဆိုတာ အစားအသောက်တွေက အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အရင်ခေတ်တုန်းက ၁၉၄၀ ခုနှစ် ကျွန်တော်တို့မမွေးခင်ခေတ်တုန်းက ကျွန်တော်တို့နိုင်ငံဟာ အားကစားမှာရော ထူးချွန်တယ်။ ပညာရေးမှာလည်း ထူးချွန်တယ်ဆိုတာ ကြားဖူးခဲ့ပါတယ်။ ဒီဥစ္စာတွေဟာ စဉ်းစား သုံးသပ်တဲ့အခါ အရင်တုန်းက အစားအသောက်အာဟာရတွေဟာ အပြည့်အဝရရှိခဲ့ပါတယ်။ အဲဒါကြောင့် ဘောလုံးအားကစားမှာဆိုလည်း ဒိုင်းတွေ၊ ဆုတွေ အရှေ့တောင်အာရှမှာ ဆွတ်ခူးခဲ့ပါတယ်။ အခုနောက်ပိုင်းမှာတော့ ကျွန်တော်တို့ ဒါတွေဟာ ကျရှုံးခဲ့ပါတယ်။ နောက်ပြီးတော့ ပညာရေးတွေဟာလည်း နိမ့်ကျလာပါတယ်။ အားကစားတွေဟာလည်း နိမ့်ကျလာပါတယ်ဆိုတာကို ကျွန်တော်တို့သုံးသပ်ကြည့်တဲ့အခါ အဓိကအစားအသောက်ကြောင့်လို့လည်း ကျွန်တော်တို့ ယူဆလို့ရပါတယ်။ အစားအသောက်က မကောင်းဘူး။ နောက်ပြီးတော့ ဓာတုဆေးဝါးတွေသုံးတယ်။ ပြီးတော့ မြို့နေလူတန်းစားမှာ မအားကြပါဘူး။ အလုပ်တွေလုပ်ရတဲ့အတွက် မိဘတွေကလည်း အလွယ်တကူ မုန့်ဖိုးတွေပေးလိုက်တယ်။ မုန့်ဖိုးတွေပေးလိုက်တဲ့ဥစ္စာမှာ ကလေးသူငယ်တွေကလည်း ဒီလို လှတာလေးတွေကြည့်ပြီး အနီရောင်၊ အစိမ်းရောင်ပါတဲ့ဥစ္စာလေးတွေကိုကြည့်ပြီး စားသောက်တော့ အာဟာရမဖြစ်တော့ပါဘူး။ အာဟာရမဖြစ်တဲ့အတွက် ကျွန်တော်တို့က နောက်ဆက်တွဲအကျိုး ကျေးဇူးတွေ ကျွန်တော်တို့မှာ ဉာဏ်ရည်မမှီတော့ဘူး။ ကျွန်တော်တို့ အတွေးအခေါ်တွေမမှန်တော့ဘူး။ ကျွန်တော်တို့ အားကစားတွေဆိုလည်း မကောင်းတော့ပါဘူး။ အဲဒါကြောင့် အစားအသောက်ဟာ အရမ်းအရေးကြီးပါတယ်။ ကျွန်တော်တို့ အစားအသောက်အနေနဲ့ FDA အနေနဲ့လည်း တိုးချဲ့ပြီးတော့ ပြင်ဆင်ပြောင်းလဲသင့်နေပါပြီ။ FDA အနေနဲ့လည်း လုပ်တာကိုင်တာလည်း အရမ်းကြန့်ကြာပြီးတော့ နိုင်ငံကိုအကျိုးမပြုတာ ကျွန်တော်တို့တွေ့ရပါတယ်။ နောက်တစ်ခုက ကလေးမုန့်ဈေးတန်းတွေ

မှာလည်း ဖွံ့ဖြိုးတိုးတက်တဲ့ ဂျပန်တို့၊ စင်ကာပူတို့ ဘာတို့ဆိုရင် အရမ်းဂရုစိုက်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ကျောင်းတက်ခဲ့ပါတယ်။ ကျွန်တော်တို့မုန့်ဈေးတန်းတွေမှာ အာဟာရရှိတဲ့ အရာတွေပဲရောင်းချခွင့်ပြုပါတယ်။ အဲဒီအတွက် ကျွန်တော်တို့လူတွေက အစားအသောက်ဟာ အရမ်းအရေးကြီးပါတယ်။ အစားအသောက်ကြောင့် ဉာဏ်ရည်တွေ၊ ပညာရည်တွေ အကုန်တက်တဲ့အတွက် ကျွန်တော် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ကျောင်းတွင်းမုန့်ဈေးတန်းအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ရောင်းချနေသော ကျန်းမာရေးနှင့်မညီညွတ်သော ဓာတုဆေးဝါးစားသောက်ကုန်များအား တားဆီးနှိမ်နင်းပြီး နိုင်ငံတော်အဆင့် စီမံကိန်းရေးဆွဲပြီးတော့ ကြီးကြပ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးစားစွာထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သနပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ကျောင်းမုန်းဈေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းမှာ ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်တဲ့ ဓါတုဆိုးဆေးပါစားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချခြင်းနှင့်စပ်လျဉ်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့ ရည်ရွယ်ချက်က အလွန်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စိတ်ချလုံခြုံတဲ့ခံစားမှုများကို ခံစားစေလိုတဲ့စိတ်စေတနာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ လူသားတွေအသက်ရှင်နေထိုင်ဖို့အတွက် အဓိကအကျဆုံးဟာ စားဝတ်နေရေးပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ခေတ်မီနည်းပညာမြင့်မားလာတာနှင့်အတူ ဝတ်ရေးနှင့် နေရေးမှာ သက်သောင့်သက်သာဖြစ်လာတာ လုံခြုံမှုရှိလာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ စားရေးမှာတော့ ပြောင်းပြန်ဖြစ်နေပါတယ်။ ဖွံ့ဖြိုးလာတဲ့နည်းပညာကပဲ အစားအသောက်တွေအတွက် ပိုပြီးတော့ အန္တရာယ်ဖြစ်လာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်ပဲ အဆိုရှင်ပြောသလို အစာလည်းဆေး၊ ဆေးလည်းအစာ မဖြစ်တော့ဘဲ အစာကဘေး၊ ဘေးဖြစ်စေတာ အစာဖြစ်နေတာတွေ့ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်ကထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ကမ္ဘာ့ကင်ဆာရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံက နံပါတ်(၂)နေရာမှာ ရှိနေတယ်လို့ဖော်ပြခဲ့ပြီး အာဟာရချို့တဲ့မှု

အများဆုံးနိုင်ငံများစာရင်းထဲမှာလည်း ပါဝင်နေတာ၊ ပျမ်းမျှသက်တမ်းနိမ့်ကျလာပြီးတော့ မွေးကင်းစကလေးသေဆုံးမှုတွေမြင့်လာတာဟာလည်း အနာဂတ်မျိုးဆက်သစ်များအတွက် စိုးရိမ်စရာ၊ ရင်လေးစရာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ နေ့စဉ်အစားအစာတွေဖြစ်တဲ့ မုန့်ဟင်းခါး မုန့်ဖတ်မှာ ဘိုရပ်လိုခေါ်တဲ့ လက်ချားတွေထည့်တာ၊ တာရှည်ခံအောင် ဖော်မလင်တွေသုံးတာ၊ ပဲကြော်ကိုပိုပြီးတော့ပွအောင်ရွှေအောင် ပလတ်စတစ်တွေထည့်ကြော်တာ၊ လက်ဖက်ရည်အချိုခြောက်မှာ အရောင်လှအောင်ဓါတုဆေးတွေသုံးစွဲတာ၊ ဆားအုန်းဆီကိုမခဲအောင် ဆပ်ပြာတစ်မျိုးမျိုးထည့်သုံးတာ၊ နွားနို့မှာ ဖော်မလင်ထည့်သုံးတာ၊ နို့မှုန့်မှာ မယ်လမင်းဓာတ်ပါတာ၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးတွေမှာ ပိုးသတ်ဆေးတွေနဲ့ ဓါတုဆေးဝါးတွေအသုံးပြုလာတာအပြင် ငါးပိ၊ ငါးခြောက်တွေမှာ ဓာတ်မြေသြဇာနှင့် ဓါတုဆေးဝါးတွေအသုံးပြုလာတာတွေ၊ အသုပ်ဆိုင်တွေ၊ အကြော်ဆိုင်တွေ၊ ထုံချိုင်းဆိုင်တွေ၊ အကင်ဆိုင်တွေ၊ ဒုတ်ထိုးဆိုင်တွေ နေရာတကာမှာမှိုလိုပေါက်လာပြီးတော့ Sulphuric Acid ပြင်း အချဉ်ရေနှင့် ကလေးရော၊ လူကြီးတွေပါ မြိန်ရေရှက်ရေစားသုံးနေကြတာတွေဟာ တိုင်းပြည်အတွက် တကယ်ကို ကြီးမားတဲ့ကျန်းမာရေးအန္တရာယ်ဆိုးကျိုးများ ဖြစ်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးများရဲ့မုန့်ဈေးတန်းတွေကို လေ့လာကြည့်တဲ့အခါမှာ အိမ်နီးချင်းနိုင်ငံတွေကဝင်ရောက်လာတဲ့ အရောင်အသွေးစုံလင်စွာနဲ့ ဆွဲဆောင်မှုအားကောင်းပြီးတော့ အသင့်စားသုံးနိုင်တဲ့မုန့်ပဲသရေစာတွေ၊ အချိုရည်ဘူးတွေ၊ လေပွမုန့်တွေ၊ အချို့ဆိုရင် မြန်မာစာတောင်မပါတဲ့ မုန့်အမျိုးအစားတွေဖြစ်ပြီးတော့ ဒါတွေဟာဆိုရင် အာဟာရဖြစ်မှုနည်းတဲ့ ရောဂါမျိုးစုံဖြစ်စေတဲ့ အဆိပ်စာ၊ အမှိုက်စာ၊ မှိုတက်စာတွေဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီအစားအစာတွေဟာ စတိုးဆိုင်တွေ၊ ကုန်စုံဆိုင်တွေနဲ့ ကျောင်းမုန်းဈေးတန်းတွေအထိ ကျယ်ကျယ်ပြန့်ပြန့်နေရာယူလျက်ရှိပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ Power Point ပိတ်လို့ရပါပြီခင်ဗျား။ အဲဒီမှာ ဖော်ပြတဲ့ဟာတွေအပြင်ကို တစ်ဖက်နိုင်ငံကအေးခဲတဲ့ကြက်သားတွေ၊ ကြက်အသဲအမြစ်တွေ၊ နှလုံးတွေ၊ ကလီစာတွေ စတဲ့တင်သွင်းမှုတွေလည်းရှိနေပါတယ်။ ဒီတင်မှာ ကြက်ဥတွေလည်း ပါတယ်လို့ ကျွန်တော်တို့သိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါဖြစ်စဉ်တွေကို မထိန်းချုပ်နိုင်လို့ရှိရင် ကလေးငယ်များအားလုံးမှာ အာဟာရချို့တဲ့တာ တမြည့်မြည့်အစာအဆိပ်သင့်ခံရပြီးတော့ သက်တမ်းတိုတဲ့မျိုးဆက်တွေဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုနှင့် ကလေးသူငယ်များပါ ဘေးကင်းလုံခြုံစိတ်ချရတဲ့ အစာအာဟာရများစားသုံးနိုင်ရေးအတွက် အဆိုရှင်တင်ပြထားသလို နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ်ရေးဆွဲ၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုပါ ပူးပေါင်းပါဝင်စေလျက် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ်တင်သွင်းတဲ့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ လက်ရှိမျက်မှောက်ကာလအတွက်ရော၊ အနာဂတ်ကာလအတွက်ပါ အလေးထားစဉ်းစားပြီးတော့ တင်ပြသွားတာဖြစ်လို့ အငြင်းပွားစရာမရှိ ထောက်ခံရမှာပဲ ဖြစ်ပါတယ်။ ယနေ့ ကျောင်းမုန့်ဈေးတန်းတွေမှာ တရုတ်ကလာတဲ့ အမည်မသိမုန့်တွေ၊ တခြားခွင့်ပြုချက်မဲ့ထုတ်လုပ်ထားတဲ့ အစားအသောက်တွေရဲ့အန္တရာယ်ဟာ နိုင်ငံရဲ့အနာဂတ်လေးတွေကို တိတ်တဆိတ်တိုက်ခိုက်နေတဲ့ သိသိသာသာအခြေအနေဖြစ်နေပါတယ်။ နောက်ပြီးတော့ အိမ်တိုင်းရဲ့ မီးဖိုချောင်ကို အဆိပ်ခတ်နေတဲ့ ဆိုးဆေးတွေရဲ့အန္တရာယ်ကလည်းပဲ နိုင်ငံအနှံ့အပြားမှာ ဖြစ်ပွားနေပြီး ဖြစ်ပါတယ်။ ဒါတွေအပြင် ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့စားသုံးဆီတွေ၊ ကျန်းမာရေးအတွက် သောက်သုံးနေတဲ့ဆေးဝါးတွေရဲ့ လက်ရှိပေးနေတဲ့အန္တရာယ်ကလည်း ရှိနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ဘယ်ဟင်းကိုချက်ချက် ဆီပါမှကျက်တယ်လိုထင်လောက်အောင်ပဲ၊ ဘာကိုပဲစားစားဆီရွှဲရွှဲဆမ်းပြီးတော့စားတတ်ကြပါတယ်။ လက်ရှိပြည်တွင်းဆီစားသုံးမှုကို ကြည့်မယ်ဆိုလို့ရှိရင် တန်ချိန်ငါးသိန်းခွဲကနေ ခြောက်သိန်းကြားမှာရှိပါတယ်။ အရင်ကတော့ ကိုယ့်ရွာထွက်သီးနှံတွေကို ကိုယ့်ဆုံမှာကြိတ်ပြီးတော့ စားခဲ့ကြလို့ မထောင်းတာလောက်ပေမဲ့ ယခုအခါမှာတော့ ယာထွက်သီးနှံတွေကို ဈေးကောင်းလို့ ရောင်းနေရပြီးတော့ ဈေးချိုတဲ့ဈေးကွက်အတွင်းကဆီတွေကိုပဲ ဝယ်စား

နေရတဲ့ဘဝကို ရောက်နေပါပြီ။ အဲဒီတော့ ဈေးကွက်ထဲကဆီတွေကို ပြန်ကြည့်လိုက်တဲ့အခါမှာ ပြည်ပနိုင်ငံတွေက တံဆိပ်မျိုးစုံနှင့် တရားဝင်ရော၊ တရားမဝင်ပါ တင်သွင်းနေကြပါတယ်။ ပြီးခဲ့တဲ့နှစ်ဖွန်လအတွင်းက စားသုံးသူရေးရာ အသင်းဥက္ကဋ္ဌပြောကြားချက်အရဆိုရင် ဆီးဈေးကွက်ရဲ့ ၆၀ ရာခိုင်နှုန်းဟာ စားသုံးရန်မသင့်ဆီတွေ ဖြစ်နေတယ်လို့ သိရပါတယ်။ နိုင်ငံအတွင်းမှာလည်းပဲ စားသုံးဆီလုပ်ငန်းများရဲ့ ၁ ရာခိုင်နှုန်းကပဲ FDA အသိအမှတ်ပြုလက်မှတ်ရရှိတယ်လို့ မှတ်သားဖူးပါတယ်။ ဒီအချက်တွေနဲ့တင် ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့ ဆီတွေရဲ့အန္တရာယ်ဟာ အင်မတန်ကြောက်စရာကောင်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဆီတွေနဲ့ စံမမီဘေးအန္တရာယ်ရှိ စားသုံးရန်မသင့်ဆီတွေအပြင် မြေ့ာင်းဆီ၊ ကြော်ပြီးသားတွေကို ပြန်ရောထားတဲ့ဆီ၊ အနံ့အသက် ဓါတုဆေးဝါးတွေရောထားတဲ့ဆီ၊ စက်မှုလုပ်ငန်းတွေမှာ အသုံးပြုပြီးသားဆီတွေကို ပြန်ပြီးတော့ ရောနှောထားတဲ့ဆီတွေဆိုပြီးတော့ ဈေးကွက်အတွင်းမှာ လှိုင်လှိုင်ကြီးတွေ့နေရပါတယ်။ စားသုံးဆီတွေကို အများဆုံးချက်လုပ်တင်သွင်းတဲ့အမျိုးအစားဖြစ်တဲ့ ဆီအုန်းကထုတ်တဲ့စားသုံးဆီဟာ အနည်းဆုံး အခြေခံအဆင့်ခုနစ်နှစ်နှင့်သန့်စင်မှသာ စားသုံးရန်သင့်တဲ့ဆီအဖြစ် ရရှိပါတယ်။ ဘယ်သီးနှံကိုဆီထုတ်ထုတ် ဆီနောက်ကျိမှုနှင့် ပုံဆောင်ခဲဖြစ်တည်မှုကို တိုင်းတာတဲ့ သတ်မှတ်ထားတဲ့ Cold Point ကိုရောက်အောင်သန့်စင်ရပါတယ်။ ဆီသန့်စင်တဲ့လုပ်ငန်းတွေကို အပြစ်မလုပ်ထားတဲ့ ဆီတွေမှာ Cold Point တွေဟာမြင့်နေပြီးတော့ စားသုံးရန်မသင့်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြည်သူတွေသိအောင် ကြေညာသင့်သလို စစ်ဆေးမှုများကိုလည်း ယခုထက်ပိုပြီးတော့ ပြုလုပ်သင့်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေမှာ ဈေးနှုန်းကိုသာလိုက်ပြီးတော့ ရွေးချယ်ဝယ်ယူစားသုံးနေရပြီးတော့ ရွေးစရာကရှား၊ ရွေးချယ်မှုစံနှုန်း တွေကိုလည်း မသိရတော့ဘေးအန္တရာယ်ကြီးမားစွာနှင့် စိတ်မချရတဲ့အနေအထားကို ရောက်နေပါတယ်။ လက်ရှိဈေးကွက်က စားသုံးရန်မသင့်ဆီတွေကို စားသုံးမှုကြောင့် နှလုံးသွေးကြောကျဉ်း၊ ကင်ဆာစတဲ့ရောဂါတွေဖြစ်လာနိုင်တာအားလုံး အသိပဲဖြစ်ပါတယ်။ ကမ္ဘာမှာကင်ဆာဒုတိယဖြစ်တာ အများဆုံးနဲ့ အသက် ၄၀ ကျော်သူတွေရဲ့တစ်ဝက်ဟာ သွေးတိုးဖြစ်နေတယ်ဆိုတဲ့အချက်က သက်သေခံလျက်ရှိပါတယ်။ ဒီလိုကျန်းမာရေးချို့ယွင်းလာလို့ ဆေးသောက်မယ်ဆိုပြန်တော့လည်း ဆေးဝါးများရဲ့ ယုံကြည်မှုအညွှန်းကိန်းဟာ စိတ်ချစရာမရှိပါဘူး။ ဈေးကွက်အတွင်းမှာ တရားမဝင်ဆေးဝါးတွေအပြင် ဆေးဝါးအတုတွေပါ ပေါ်နေပါတယ်။ ပြီးခဲ့တဲ့နှစ် ဩဂုတ်လနှင့်စက်တင်ဘာလအတွင်းက ပြည်ထဲရေးနှင့်စက်မှုဝန်ကြီးဌာနတို့ပူးပေါင်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သက်တမ်းလွန်

ဆေးဝါးနှင့် ဆေးဝါးအတု ကျပ်သိန်းပေါင်း ၂၈၀၀၀ ကျော်ဖိုးဖမ်းမိတဲ့သတင်းဟာ ပြည်သူတွေ ကြားရပြီးတော့ ထိတ်လန့်စေခဲ့ပါတယ်။ ဒီအတုတွေကို ဘယ်လောက်တောင်သောက်မိသွားပြီလည်းဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ ဒီဆေးအတုတွေဟာ ဆရာဝန်တွေတောင်မခွဲခြားနိုင်ဘဲနဲ့ ဓာတ်ခွဲကြည့်မှသာ သိနိုင်တယ်လို့သိရပါတယ်။ ဒါတင်မကပါဘူး တိုင်းရင်းဆေးဘက်မှာဆိုလို့ရှိရင်လည်းပဲ ဆေးပစ္စည်းအတုတွေပေါ်နေပါတယ်။ ဥပမာဆိုလို့ရှိရင် ဆေးပုံအများစုမှာထည့်သုံးနေတဲ့ နွယ်ချိုကို အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ စတဲ့နိုင်ငံတွေကနေ တင်သွင်းကြပါတယ်။ အဲဒီထဲမှာ တချို့နွယ်ချိုတွေဟာ အဆီထုတ်ပြီးသားတွေဖြစ်နေတဲ့အတွက် ဘာအာနိသင်မှမရနိုင်ပါဘူး။ တခြားဆေးပစ္စည်းအတုတွေလည်းပေါ်ထွက်နေပါတယ်။ ဒါကြောင့်မို့လို့ ဈေးကွက်ထဲမှာရောင်းနေတဲ့ ဆေးတွေကို Post Market Survey အမြဲပြုလုပ်ပေးဖို့ရာ လိုအပ်နေပါတယ်။ နဂိုကမှ နေမကောင်းတဲ့လူဟာ ဆေးအတု၊ သက်တမ်းလွန်ဆေး၊ ဆေးပစ္စည်း၊ ဆေးအတုတွေနဲ့ ဖော်စပ်ထားတဲ့ ဆေးအတုတွေကို သောက်သုံးပြီးတဲ့အခါမှာ ရောဂါမပျောက်တဲ့အပြင် ဆေးယဉ်ပါးခြင်း၊ အစာအိမ် အူလမ်းကြောင်းရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ကို ဖြစ်စေနိုင်ပါတယ်။ ဒါ့ကြောင့် ဒီဆေးအတုကိစ္စဟာလည်း ယခုထက်ပိုပြီး ကြပ်မတ်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်က ဒီလိုမျိုး ကျွန်တော်တို့ ပြည်သူတွေကို ဒုက္ခကောင်းကောင်းပေးနေတဲ့ အစားအသောက်တွေကို ထိရောက်စွာဟန့်တားနိုင်မယ့် နည်းလမ်းကို အဆိုရဲ့ဒုတိယပိုင်းမှာ ထည့်သွင်းပြီးတော့ အကြံပြုထားပါတယ်။ ဒါတွေကို ကြေညာအသိပေးအဆင့်နဲ့တင် မပြီးစေဘဲ ထိရောက်စွာအရေးယူနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ ယခုထက်ပိုပြီးတော့ ပိုမိုပူးပေါင်းအချိန်ပေးလုပ်ဆောင်ဖို့ တိုက်တွန်းထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြို့နယ်တွေမှာဆိုလို့ရှိရင်လည်းပဲ မစားသုံးရမယ့်တံဆိပ်တွေကို ပြပြီးတော့ စစ်ဆေးတဲ့ နည်းမျိုးထက်စာလို့ရှိရင် ကျွန်တော်တို့မြို့နယ်ဈေးတွေမှာ ရောင်းတဲ့အစားအသောက်တွေမှာ တံဆိပ်ဆိုတာ ပါတာနည်းပါတယ်။ ငါးပိတို့၊ ငရုပ်သီးမှုန့်တို့။ ဒီဟာတွေကိုလည်းပဲ ဓာတ်ခွဲစမ်းသပ်နိုင်အောင် လုပ်ဆောင်ဖို့သင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင် အစာလည်းဆေး၊ ဆေးလည်းအစာဆိုပြီးတော့ အသက်ရာကျော်ရှည်ခဲ့ကြတဲ့မျိုးဆက်တွေအပြီးမှာ ကျွန်တော်တို့လက်ထက်မှာတော့ အစာလည်းအတု၊ ဆေးလည်းအတုဖြစ်နေလို့ ကျန်းမာဖို့ရာမလွယ်တော့ပါဘူး။ ဒါကြောင့် လက်ရှိကာလအတွက်သာမက အနာဂတ်မျိုးဆက်တွေအတွက်ပါ အရေးပါတာကြောင့် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ရပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး မဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာ ဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးကို နိုင်ငံတကာမှာ ဇီဝပိုးမွှားများကြောင့် ကျရောက်နိုင်သောဘေးအန္တရာယ် Biological Hazard၊ ဓာတုဗေဒဆေးဝါးများ သုံးစွဲမှုများကြောင့် ကျရောက်နိုင်သောဘေးအန္တရာယ် Chemical Hazard၊ ရုပ်ဝတ္ထုပစ္စည်းများကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ် Physical Hazard၊ ဓာတ်မတည့်မှုကြောင့်ဖြစ်ပွားသောဘေးအန္တရာယ် Allergen Hazard ဆိုပြီးတော့ အခြေခံအားဖြင့် ပိုင်းခြားဆောင်ရွက်ကြတာကို သိရှိရပါတယ်။ ဇီဝပိုးမွှားများ ကြောင့် ကျရောက်နိုင်သော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ပါက နေ့စဉ်စားသုံးနေသော အသားများစစ်ဆေးခြင်းကိုလည်း မပြတ်မနေဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဘက်တီးရီးယား၊ ဗိုင်းရပ်(စ်)နဲ့ ကပ်ပါးရောဂါပိုးများဟာ ပြည်သူတို့ရဲ့ အစားအသောက်များကို နေ့စဉ် နှင့်အမျှ ခြိမ်းခြောက်လျက်ရှိနေပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များဖြစ်စေဖို့ ဆိုရင် အသားစစ်ဆေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်မပြတ်မနေ ဆောင်ရွက် ကြရပါမယ်။ ဘေးအန္တရာယ် ကင်းရှင်းသော အသားများထုတ်လုပ်နိုင်ရန်အတွက် စနစ်ကျသော သားသတ်ရုံများကိုလည်း တည်ဆောက်သတ်မှတ်ပေးရန် လိုအပ်ပါတယ်။ အသားမှတစ်ဆင့် စားသုံးသူများတွင် ဖြစ်ပွားနိုင်သော တိရစ္ဆာန်ရောဂါများကိုလည်း အသားမဖြစ်မီအခြေအနေနှင့် အသားဖြစ် ပြီး အခြေအနေများကို သေချာစစ်ဆေးဆောင်ရွက်သင့်ပါတယ်။ ဘက်တီးရီးယား၊ ဗိုင်းရပ်(စ်)နဲ့ ကပ်ပါးရောဂါ ပိုးများကြောင့် ဖြစ်လာနိုင်သောရောဂါများကို စစ်ဆေးနိုင်ဖို့ဆိုရင် ကျွမ်းကျင်ပညာရှင် များနှင့် အဆင့်မီဓာတ်ခွဲခန်း များကို မပြတ်မနေ ဖြည့်ဆည်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အသား ထုတ်လုပ်ရောင်းချသူများနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် သတင်း၊ ညွှန်ကြားချက်နဲ့ အသိပညာပေးခြင်း လုပ်ငန်းကို အမြဲဆောင်ရွက်နိုင်ရန် လိုအပ်ပါတယ်။ ဓာတ်ခွဲခန်း စစ်ဆေးချက်များဖြင့် စားသုံးရန် အသားများကို အာမခံချက်ပေးခြင်း၊ ကုန်ဆုံးရက်သတ်မှတ်ပေးခြင်းနှင့် စားသောက်ရန်နည်းလမ်း များကိုပါ ဖော်ပြပေးနိုင်ရန်လည်း လိုအပ်ပါတယ်။ နယ်စပ်ဖြတ်ကျော်ဂိတ်မှဝင်ရောက် လာသော

အသားများကိုလည်း စနစ်တကျစစ်ဆေး တားဆီးအရေးယူရန် လိုအပ်ပါတယ်။ အသားစားသုံးခြင်းကြောင့်ဖြစ်ပွားလာနိုင်သော ကူးစက်ရောဂါများဟာ တစ်မျိုးသားလုံးရဲ့ ကျန်းမာရေးကို ထိခိုက်လာနိုင်ခြင်းကြောင့် ဂရုစိုက် ကြပ်မတ်ဆောင်ရွက်ကြရပါမယ်။ တိရစ္ဆာန် ဆေးဝါးများ၊ စိုက်ပျိုး ရေးဆေးများ သုံးစွဲခြင်းကြောင့် ဓာတုဓာတ်ကြွင်းများပါရှိသော အသားများ၊ အသီးအရွက်များ စားသုံးနေရခြင်းကိုလည်း စနစ်တကျ စိစစ်ထိန်းချုပ်ဆောင်ရွက်သင့်ပါတယ်။ ဆေးဝါးများသုံးစွဲပြီးသောအသားများ စားသုံးရန်သင့်/မသင့်နှင့် ကန့်သတ်ရက်များ သတ်မှတ်ထားခြင်း ကိုလည်း အသားထုတ်လုပ်သူ၊ စားသုံးသူများ လိုက်နာတတ်စေရန် အသိပညာပေးခြင်းကို အမြဲ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ စားသောက်ကုန်ဘေးအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရာမှာ လိုအပ်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးရသောအစိုးရရဲ့ အခန်းကဏ္ဍမှာလည်း လွန်စွာမှအရေးပါလှပါတယ်။ တိကျပြတ်သားသော ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် လိုအပ်ပါတယ်။ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး ကို အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ တသီးတခြားဆောင်ရွက်နေကြသော်လည်း စွမ်းဆောင်ရည်ပြည့်စုံ လုံလောက်မှုမရှိခြင်းနှင့် အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိနေခြင်းက အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်ကို နှောင့်နှေးစေလျက်ရှိပါတယ်။ ကူးစက်လွယ်သော၊ ကူးစက်မြန်သော ရောဂါပိုးများပါရှိသော အသားနှင့်အစားအသောက်များကို စနစ်တကျဖျက်ဆီး စွန့်ပစ်နိုင်ရန်၊ စွန့်ပစ်ရန် လမ်းဟောင်းနှင့်မြေနေရာများကိုပါ ရွေးချယ်သတ်မှတ်ပေးနိုင်ရန် လိုအပ်ပါ တယ်။

သို့ဖြစ်ပါသောကြောင့် အဆိုရှင်တင်ပြထားသော ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ထိရောက်စွာဟန့်တား အရေးယူဆောင်ရွက်ရေးကို ဌာနဆိုင်ရာများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသောအဆိုအား လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးမြင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယနေ့ နိုင်ငံရဲ့အခြေအနေဟာ တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေက ကာလအတန်ကြာ ကတည်းက တည်ရှိနေခဲ့တဲ့ အဆိုးသံသရာရဲ့ကွင်းဆက်သံကြိုးတွေကို ဖြတ်တောက်ဖို့ ကြိုးစားနေကြတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီတော့ အခုဒီအဆိုမှာလည်း ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေဇင်လတ်က ဒီအဆိုးသံသရာရဲ့ သံကြိုးကွင်းဆက်တစ်ခုကို ဖြတ်တောက်ဖို့ ကြိုးစားတဲ့အဆို ဖြစ်တယ်လို့ ယူဆတဲ့အတွက် ဒီအဆိုမှာ ပါဝင်ဆွေးနွေးဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရေး၊ စီးပွားရေး မူဝါဒအမှားတွေကြောင့် ဆင်းရဲနွမ်းပါးနေကြတဲ့ပြည်သူတွေ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံက အမျိုးသမီးတွေက အဆိပ်အတောက်ကင်းတဲ့၊ အာဟာရပြည့်ဝတဲ့ အစားအသောက်တွေကို ဝယ်ယူ စားသုံးဖို့အတွက် ငွေကြေးလည်းမချမ်းသာကြဘူး။ အသိပညာလည်းမလုံလောက်ကြပါဘူး။ ဒါကြောင့် မို့လို့ သူတို့က အဆိပ်အတောက်နဲ့မကင်းတဲ့ အာဟာရမပြည့်ဝတဲ့အစားအသောက်တွေကို ဝယ်ယူ စားသောက်ကြရပါတယ်။ အဲဒီအခါမှာ သူတို့က မွေးလာတဲ့ကလေးတွေကလည်း ဦးနှောက်ရော ကိုယ်ကာယပါ ဖွံ့ဖြိုးမှုနည်းပါးတဲ့ကလေးတွေ မွေးလာကြပါတယ်။ သူတို့က မုန့်စားနိုင်တဲ့၊ ဝယ်စား တတ်တဲ့အရွယ်ရောက်လာတဲ့အခါကျတော့လည်း ကျောင်းမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ် သူတို့ ကလည်း အကျိုးဆက်အဖြစ်နဲ့ အာဟာရမပြည့်ဝတဲ့၊ အဆိပ်အတောက်မကင်းတဲ့၊ ဆိုးဆေးတွေပါတဲ့ အစားအသောက်တွေကို သူတို့ကဆက်ပြီးတော့ ဝယ်စားကြပါတယ်။ ဒီအခါမှာ သူတို့က ကံအား လျော်စွာ တိုင်းပြည်ခေါင်းဆောင်တွေဖြစ်လာတဲ့အခါကျတော့ သူတို့က ဒီလိုပဲ နိုင်ငံရေး၊ စီးပွားရေး မူဝါဒအမှားတွေချမှတ်ပြီးတော့ ဒီအဆိုးသံသရာကြီးက လည်နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအဆိပ်အတောက်မကင်းတဲ့၊ အာဟာရမပြည့်ဝတဲ့ ဆိုးဆေးတွေနဲ့ဆိုးထားတဲ့ အစား အသောက်တွေ စားတဲ့အခါမှာ ဒါရဲ့အကျိုးဆက်ကို အထင်ရှားဆုံးတွေ့နိုင်တဲ့နေရာတစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့အားကစားကဏ္ဍပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအစားအသောက်တွေ စားလာခဲ့ ကြရတဲ့အတွက်ကြောင့်မို့လို့ မျိုးဆက်ပေါင်းများစွာ တည်ရှိလာတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံဟာ ဘောလုံးအားကစားမှာ နောက်ထပ် မဟာဒူးတွေထွက်မလာတော့ဘူး။ နောက်ထပ် ရေကူးအားကစား နည်းမှာ နောက်ထပ် တင်မောင်နီတွေထွက်မလာတော့ဘူး။ ပြေးခုန်ပစ်အားကစားနည်းမှာ နောက်ထပ် ဂျင်မီတွေ၊ ရှင်မွေခန်းတွေ၊ မိကျုံးတော်တွေ၊ ဂျနီဖာတင်လေးတွေ၊ မခင်ထွေးတွေ ထွက်မလာတော့ဘူး။ အလေးမအားကစားနည်းမှာ နောက်ထပ် အောင်ကြီးတွေ၊ ထွန်းမောင်တွေ ထွက်မလာတော့ဘူး။

**မူကြမ်း**

လက်ငှေ့အားကစားနည်းမှာ နောက်ထပ် သိန်းတင်ထွန်းတို့၊ သိန်းမြင့်တွေ အဲဒါတွေ ထွက်မလာတော့ဘူး။ ဒီလိုနဲ့ ကျွန်တော်တို့အားကစားနည်းက ဒါ ဒုတ်ဒုတ်ထိအောင်ကျဆင်းလာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံမှာ ဆီးဂိမ်းအိမ်ရှင်အဖြစ် လက်ခံကျင်းပတယ်။ ရွှေတံဆိပ်ရရှိမှုမှာ ကျွန်တော်တို့က ဒုတိယရတယ်။ နောက်တစ်နှစ်ကျော် စင်ကာပူမှာသွားလုပ်တဲ့အခါကျတော့ ကျွန်တော်တို့ နံပါတ်ခုနစ်ရသွားတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့အားကစားအောင်မြင်မှုဟာ Sustainable မဖြစ်ဘူးဆိုတဲ့အချက်ကို ပြသနေပါတယ်။ ဒါတွေဟာ ဆက်စပ်ကြည့်လိုက်ရင် ကျွန်တော်တို့ စားသောက်နေတဲ့၊ ကျွန်တော်တို့ပြည်သူတွေစားသောက်နေတဲ့ အစားအသောက်တွေနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီအစားအသောက်ဆိုတဲ့ကွင်းဆက်ကို ဖြတ်နိုင်မှသာလျှင် ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်သစ်တွေမှာ ကိုယ်ကာယရော၊ ဦးနှောက်ပါ ဖွံ့ဖြိုးတဲ့ခေါင်းဆောင်တွေအဖြစ်ကို ကျွန်တော်တို့က မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ မကြာသေးခင်ကပဲ ကျွန်တော် ဌာနဆိုင်ရာအရာရှိကြီးတစ်ဦးနဲ့ တွေ့ပါတယ်။ အဲဒီတော့ သူကကျွန်တော်တို့နိုင်ငံရဲ့နယ်စပ်မှာ ဒီလိုအစားသောက်တွေ၊ ပိုးသတ်ဆေးတွေ၊ ဓာတ်မြေသြဇာတွေဝင်တဲ့ အဓိကဝင်ပေါက်ကြီးကိုးပေါက်ရှိတယ်။ အဲဒီကိုးပေါက်မှာ ဓာတု နိုင်ငံတကာအဆင့်မီဓာတ်ခွဲ ခန်းကြီးတွေ ထူထောင်မယ်ဆိုရင် တစ်ခုကို သိန်းပေါင်း တစ်သောင်းလောက်ကျမယ်။ ကျွန်တော်တို့ ကိုးခုဆိုရင် ကိုးသောင်းလောက်ကျပါမယ်။ ဒါကျွန်တော်တို့နိုင်ငံအတွက်လည်းကျွန်တော်တို့လို အစစအရာရာ ပြန်လည်ထူထောင်နေရတဲ့နိုင်ငံအတွက် အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဒီဟာကို မလုပ်လို့တော့မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆေးပညာလောကမှာ ဆိုရိုးစကားရှိပါတယ်။ You are what you eat ဆိုတာ ဒါသင်စားတဲ့အစားအသောက်က သင့်ရဲ့ကျန်းမာရေးကို ပြဋ္ဌာန်းတယ်ဆိုတဲ့စကားပါ။ ကျွန်တော်တို့စားတဲ့အစားအစာဟာ ကျွန်တော်တို့ရဲ့ ဦးနှောက်၊ ကျွန်တော်တို့ရဲ့ကိုယ်ကာယကို ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို အမျိုးသားရေးတာဝန်တစ်ခုအနေနဲ့ ကျွန်တော်တို့က မဖြစ်မနေဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အဆင့်ကနေပြီးတော့ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီးတော့ လုပ်ဆောင်ရမှာရှိပါတယ်။ ဥပမာဆိုပါတော့ ကျွန်တော်တို့ ခုနကပြောခဲ့တဲ့ အပေါက်ကြီးကိုးပေါက်ဆိုတာ ဒါတရားဝင် ဝင်ပေါက်တွေပါ။ မငြိမ်းချမ်းသေးတဲ့နေရာတွေမှာ တရားမဝင် ဝင်လာတဲ့ အစားအသောက်တွေ၊ ဓာတ်မြေသြဇာတွေ ကျွန်တော်တို့ စစ်ဆေးလို့မရပါဘူး။ ဒါတွေကို စစ်ဆေးဖို့ဆိုရင် ကျွန်တော်တို့က နယ်စပ်ဒေသတွေမှာ ငြိမ်းချမ်းရေး

ရဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကလည်း ကျွန်တော်တို့ရဲ့ အရေးကြီးတဲ့ ဆက်စပ်နေတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကိစ္စကို အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အနေနဲ့ လုပ်ဆောင်မယ်ဆိုရင် နိုင်ငံတော်ရဲ့တာဝန်ရှိတဲ့ ဌာနဆိုင်ရာတွေနဲ့ချည်းပဲ လုပ်လို့မဖြစ်ပါဘူး။ အခုအချိန်မှာ ကျွန်တော်တို့ အားတက်သရောပါဝင်နေကြတဲ့ CSO အဖွဲ့အစည်းတွေ၊ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တွေနဲ့ပါ ပေါင်းစည်းပြီးတော့၊ သူတို့ရဲ့အားကိုပါယူပြီးတော့ ဒီကိစ္စကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ နိုင်ငံတော်အစိုးရကနေပြီးတော့ တွန်းတွန်းတိုက်တိုက်နဲ့ ဆောင်ရွက်သွားဖို့လိုအပ်ပါ တယ်။ ဒါကြောင့်မို့လို့ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေဇင်လတ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပြီး ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြတဲ့အဆိုဟာ မြန်မာနိုင်ငံ တစ်ဝန်း ပြည်သူများအားလုံး နေ့စဉ်စားသောက်သုံးဆောင်နေတဲ့ အစားအသောက်နှင့်ပတ်သက်ပြီး အမှတ်တမဲ့ဖြစ်နေတဲ့ ကျန်းမာရေးကိစ္စကို နိုင်ငံတော်အနေနဲ့ ထိထိရောက်ရောက် မဖြစ်မနေတာဝန်ယူ ဆောင်ရွက်လုပ်ဆောင်ပေးနိုင်ဖို့ တွန်းအားပေးမီးမောင်းထိုးပြတဲ့ ပြည်သူ့အကျိုးပြု၊ နိုင်ငံ့အကျိုးပြု အဆိုတစ်ရပ်လို့ နားလည်မိပါတယ်။ ယနေ့သင့်ရဲ့ကျန်းမာရေးဟာ မနေ့ကသင်ဘာတွေ စားသောက် ခဲ့သလဲဆိုတာပေါ်မှာ မူတည်ကြောင်း ကျန်းမာရေးနှင့်ပတ်သက်တဲ့ စကားရပ်လေးဟာ လူတစ်ယောက် ရဲ့အစားအသောက်ဟာ ကျန်းမာရေးအတွက် ဘယ်လောက်အရေးကြီးသလဲဆိုတာကို ဖော်ပြနေပါ တယ်။ အစားအသောက်အရေးကြီးမှန်းသိကြလို့ အစားအသောက်ကို စနစ်တကျ မှန်မှန်ကန်ကန်ရွေး ချယ်စားသောက်တတ်သူ လူအရေအတွက်ဟာ အလွန်နည်းပါတယ်။

ဒီနေရာမှာ ကျန်းမာရေးဗဟုသုတနည်းသူနဲ့ ကျန်းမာရေးဗဟုသုတရှိပေမဲ့ လက်ရှိစီးပွားရေး ဘဝကို မကျော်လွန်နိုင်လို့ လက်လှမ်းမီရာဖြစ်သလို စားကြရတဲ့ လူအရေအတွက်က ပိုမိုနည်းပါးတာ

ကိုတွေ့ရပါတယ်။ ကနေ့ မြန်မာနိုင်ငံကို ဦးဆောင်ဦးရွက်ပြုကြတဲ့ ခေါင်းဆောင်များအနေနဲ့ နိုင်ငံတစ်ခုကိုထူထောင်ရာမှာ အရေးပေါင်းများစွာ ကိစ္စများမြောင်ရှုပ်ထွေးမယ်ဆိုတာ စာနာနားလည်မိပါတယ်။ များပြားတဲ့အထဲက အခြေခံကျတဲ့တစ်ခုဟာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မာရေးဆိုတဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးပဲ ဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာရေးဟာ နိုင်ငံတစ်ခုအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ မဖြစ်မနေလုပ်ဆောင်ရမည့် အရေးကြီးဆုံးကိစ္စတစ်ရပ်လို့ ဆိုရမှာပါ။ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်သင့်တော်တဲ့ အစားအစာရရှိရေးဟာ အလွန်အရေးကြီးလှပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အာဟာရပြည့်ဝတဲ့ အစားအသောက်ဆိုတာ ကျန်းမာရေးအတွက် အရေးကြီးတာကို သိပေမဲ့ စီးပွားရေးအခက်အခဲကြောင့်ပဲဖြစ်ဖြစ်၊ ဗဟုသုတအားနည်းလို့ပဲဖြစ်ဖြစ်၊ လက်လှမ်းမမီသူ အများစုအတွက် အဓိကအကျဆုံးကတော့ အာဟာရမဖြစ်ဘဲ ခန္ဓာကိုယ်အတွက် ဒုက္ခပေးမယ့် တစ်နည်းအားဖြင့် ကျန်းမာရေးနှင့် မညီညွတ်တဲ့အစားအသောက်တွေ မစားသောက်မိအောင် ကာကွယ်တားဆီးရေးဟာ အဆိုရှင်ပြောလိုတဲ့ အဓိကအကြောင်းအရင်းပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ယနေ့ကာလလို နိုင်ငံတည်ဆောက်ဆဲကာလမှာ အကောင်းတွေရောက်မလာခင်မှာ အဆိုးဆုံးတွေ ဖြစ်မလာအောင် ကြိုတင်ပြင်ဆင်ရမည့် ကာကွယ်တားဆီးရမည့်တာဝန်ဟာ သက်ဆိုင်ရာဌာနတင်မကဘဲ ဆက်စပ်ဌာနအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ တာဝန်ကိုယ်စီရှိကြတယ်ဆိုတာ ထင်ရှားလှပါတယ်။ အခုတစ်ပတ်လွှတ်တော်နားရက် ဇန်နဝါရီ ၁၅ ရက်နေ့က ကျွန်တော်တို့ ထီးချိုင့်မြို့ မြို့နယ်ဆေးရုံမှာ ဆီစက်လုပ်ငန်း၊ မုန့်လုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်းနှင့် ဆေးဆိုင်ပိုင်ရှင်များကို မကြာသေးမီကဖွင့်လှစ်တဲ့ ကသာခရိုင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန(FDA)ရုံး တာဝန်ရှိသူက လာရောက်ပြီး FDA ရဲ့ ပြည်သူ့ကျန်းမာရေးအတွက် အစားအသောက်နှင့်ဆေးဝါးများဟာ အလွန်အရေးကြီးကြောင်းနဲ့ လုပ်ငန်းရှင်များအနေနဲ့ FDA ရဲ့ လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများမှာ တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီစေလိုကြောင်း ထုတ်လုပ်ခွင့်လိုင်စင်များကိုလည်း သက်ဆိုင်ရာလုပ်ငန်းအလိုက် လိုင်စင်လျှောက်ထားကြဖို့ကို အကျယ်တဝံ့ ရှင်းလင်းဆွေးနွေးပွဲလေး ပြုလုပ်သွားခဲ့ပါတယ်။

အဲဒီနောက် ထီးချိုင့်မြို့မဈေးအတွင်း ရောင်းချတဲ့ ဆိုးဆေးပါအစားအသောက်ဖြစ်တဲ့ ငရုတ်သီးမှုန့် နမူနာများရယူဖို့ ကွင်းဆင်းကြည့်ရှုသွားတာကို တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ FDA ရဲ့ လုပ်ဆောင်မှုများကို ဆတက်ထမ်းပိုးတိုးလို့ ဆောင်ရွက်နိုင်ဖို့ အထူးမျှော်လင့်မိပါတယ်။ ဒီနေရာမှာ

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ FDA ရဲ့ အဓိကလုပ်ငန်းများဖြစ်တဲ့ ပြည်သူများဘေးကင်းလုံခြုံတဲ့ အစားအသောက်ရရှိရေး၊ ဦးစားပေးလုပ်ဆောင်ရတာဖြစ်တဲ့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုစီမှာ ခရိုင်နှစ်ခုကိုသာ FDA ရုံး ဖွင့်လှစ်နိုင်သေးတာဖြစ်ပါတယ်။ ထပ်ဆင့်ပြီး လုံလောက်တဲ့ ဝန်ထမ်းဦးရေ စစ်ဆေးဖို့ ဓာတ်ခွဲခန်းများနှင့်အတူ အစားအသောက်ဆေးဝါးများ သိုလှောင်ရုံစတဲ့ နောက်ဆက်တွဲလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ဖို့ FDA ရုံးမြေနေရာရဲ့ အကျယ်အဝန်း ကို လုံလောက်တဲ့ပမာဏရရှိအောင် သက်ဆိုင်ရာဌာနများအနေနဲ့ ညှိနှိုင်းပြီးအထူးအလေးပေး ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ပြည်သူ့ကျန်းမာရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကို FDA အနေနဲ့ စောင့်ကြည့်ထိန်းကျောင်းသွားရတဲ့ တာဝန်ဟာ အင်မတန်ကြီးလေး လှပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်မြို့နယ်အလိုက် လုပ်ဆောင်ရတာဖြစ်တဲ့ အတွက် နယ်ပယ်ကျယ်ဝန်းသလို နက်ရှိုင်းတဲ့ စီးပွားရေးတွေကြားမှာ စိစစ်လုပ်ဆောင်ရမှာဖြစ်တဲ့ အတွက် FDA ရဲ့ စောင့်ကြည့်ထိန်းကျောင်းရတဲ့ လုပ်ဆောင်မှုဖြစ်စဉ်များမှာ သက်ဆိုင်ရာ ကိုယ်စားလှယ်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ကြပ်ကြပ်မတ်မတ် ဖွဲ့စည်းလုပ်ဆောင်နိုင်မှသာ အဆိုရှင်တင်ပြခဲ့သလို ပြည်သူများဟာ အာဟာရ မပြည့်ဝတဲ့ ကျန်းမာရေးအတွက် မသင့်တော်တဲ့အစားအသောက်များရဲ့ အန္တရာယ်ကနေ ကင်းဝေးနိုင် မှာ ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုထောက်ပြရသလဲဆိုရင် လက်ရှိစီးပွားရေးသမားများအနက် စီးပွားရှာရာမှာ ငွေမျက်နှာတစ်ခုတည်းကို ဦးတည်သူများရှိတဲ့အတွက် FDA အနေနဲ့ လုပ်ငန်းရှင် များကို မျက်နှာမနာဘဲ ပြတ်ပြတ်သားသားလုပ်ဆောင်နိုင်အောင် ဝန်းရံအဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဖို့ အထူး တိုက်တွန်းအကြံ ပြုရခြင်းဖြစ်ပါတယ်။

အခုကျွန်တော်ဆွေးနွေးခဲ့တာတွေကတော့ သက်ဆိုင်ရာမြို့နယ်အလိုက် လုပ်ဆောင်သင့်တဲ့ အပိုင်းများဖြစ်ပါတယ်။ အဲဒီမြို့ဈေးကွက်အသီးသီးကို ရောက်လာတဲ့ အထူးသဖြင့် တရုတ်နိုင်ငံက ဝင်လာတဲ့ ကလေးစားစရာ မုန့်ပဲသရေစာများ၊ အချိုအရသာ ချိုပီပီနှင့် အချိုမုန့်ကဲသော အစား အစာများဟာ မြန်မာပြည်တွင်းကို ဘယ်သူတွေကများ ဘယ်ခွင့်ပြုချက်နဲ့ ဘယ်လိုတင်သွင်းကြခဲ့လဲ ဆိုတာကို အလွန်မေးထိုက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့သိရသလောက် အခြားနိုင်ငံများကို တင်သွင်းမယ်ဆိုရင် အစားအသောက်၊ ဆေးဝါး၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ပါမကျန်၊ ပိုးသတ်ဆေး

ခေတ်ကြွင်းပါဝင်မှုကအစ အရည်အသွေးစစ်ဆေးမှုကို အထူးတလည်ကြပ်မတ်စစ်ဆေးပြီးမှ တင်သွင်းခွင့်ပြုတာ ဖြစ်ပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်း ကျန်းမာရေးကဏ္ဍမှာပါရှိတဲ့ ကလေးသူငယ်များအား ကျန်းမာရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် ဗဟုသုတရရှိရန်၊ ကူးစက်ရောဂါများကာကွယ်နိုင်ရန်၊ ကျန်းမာဖွံ့ဖြိုးသောလူငယ်များဖြစ်ရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဆိုတဲ့အချက်နှင့်အညီ ကျောင်းမုန့်ဈေးတန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများစုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်ရဲ့ ပြည်သူ့အကျိုးပြုအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာဖြစ်ကြောင်း အသိပေးပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိပြည်သူလူထုအားလုံး အသက်ရှည်ဖို့၊ ရောဂါကင်းဝေးပြီးကျန်းမာဖို့အတွက် ဒီအဆိုကို လွှတ်တော်ထဲမှာဆွေးနွေးခွင့်ရတာ နှစ်ပေါင်းများစွာနောက်ကျနေခဲ့ပြီလို့ ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ပြည်သူလူထုအများစုရဲ့ ခန္ဓာကိုယ်ထဲကို လူ့သက်တမ်းကိုတိုစေသော စားသုံးရန်မသင့်တဲ့ ဓာတုအဆိပ်တွေပါတဲ့အစားအသောက်တွေဟာ များစွာရောက်ရှိနေခဲ့ပြီဖြစ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ကျွန်တော်အပါအဝင် ပြည်သူလူထုများဟာ ကျောင်းတွေ၊ ဈေးတွေမှာရောင်းချနေတဲ့ အစားအစာ၊ သစ်သီး၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ဆား၊ ဆီ၊ သောက်ရေသန့်တို့မှာ ဘယ်လိုအဆိပ်အတောက်တွေ၊ ပိုးသတ်ဆေးတွေ၊ ဓာတုပစ္စည်းတွေ ဘယ်လောက်ပါဝင်နေတယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ လူတွေစားဖို့ရောင်းနေတဲ့အစားအစာတွေကို လိုသလောက်ဝယ်စားနေကြတာပါပဲ။ စားသင့်စားအပ်တဲ့၊ ကျန်းမာရေးနှင့်ညီညွတ်တဲ့ အစားအစာတွေဖြစ်အောင် ကာကွယ်တားဆီးပညာပေးဖို့တာဝန်ရှိတာက နိုင်ငံတော်အစိုးရပဲဖြစ်ပါတယ်လို့ယူဆပါတယ်။ နိုင်ငံတော်အစိုးရက တာဝန်ရှိတဲ့အတိုင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ ဝန်ထမ်း ၆၆၅ ဦးနဲ့ ဌာနတိုးချဲ့ဆောင်ရွက်နေကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့ကြီးတွေမှာ သက်တမ်းလွန်ဆေးဝါးတွေကို ရှာဖွေဖမ်းဆီးအရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်နေတာကို မကြာခဏကြားသိနေရသော်လည်း တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၃၀ မှာ ရှာဖွေသတိပေး ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ပုဏ္ဏားကျွန်းမြို့မှာ ကျွန်တော့်ရဲ့မိတ်ဆွေတစ်ဦး သံချဆေးဝယ်လာပါတယ်။ ကျွန်တော်ကိုယ်တိုင် Date ကိုဖတ်ကြည့်လိုက်တဲ့အခါ ငါးလခန့်

ကျော်လွန်နေတဲ့ဆေးတွေဖြစ်နေတာကို တွေ့ရပါတယ်။ နိုင်ငံတစ်ဝန်းလုံးရှိ ၇၅ ရာခိုင်နှုန်းသော စားသုံးသူတွေဟာ သက်တမ်းလွန်ဆေးဟုတ်/မဟုတ်ကို သတိမထားမိဘဲ အလွယ်တကူဝယ်ယူသုံးစွဲနေကြလိမ့်မယ်ဆိုတာ တွေးမိတဲ့အတွက် အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ တစ်နိုင်ငံလုံးရှိ ထောင်ပေါင်းများစွာသော ဆေးမျိုးစုံဆိုင်တွေမှာ ရောင်းမကုန်ဘဲကျန်နေတဲ့အခါ သက်တမ်းလွန်သွားကြမှာ သေချာပါတယ်။ ဒါတွေကို ဆိုင်ပိုင်ရှင်တွေက ဖျက်ဆီးပစ်လိုက်မှာလား၊ ဆက်ရောင်းမှာလား။ စဉ်းစားကြည့်ရင်သိနိုင်ပါတယ်။ ဆိုင်ရှင်တွေတောင် သက်တမ်းလွန်/မလွန်ကိုသတိမထားရင် သိရှိနိုင်မှာမဟုတ်ပါဘူး။ ဒါတွေကို FDA ဌာနက ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖျက်ဆီးပြီး အရေးယူဆောင်ရွက်ပါမှ ပြည်သူတွေ အသက်အန္တရာယ်ကင်းဝေးမှာဖြစ်ပါတယ်။ တစ်ဖက်က တာဝန်အရ မဖြစ်မနေဆောင်ရွက်ဖို့လိုသလို အခြားတစ်ဖက်က ပညာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသုံးမြန်မာစာဖတ်စာတွေမှာ ကဗျာတွေ၊ ဆောင်ပုဒ်တွေ၊ စာပိုဒ်တွေ ထည့်သွင်းပြဋ္ဌာန်းပြီး လူထုပညာပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးရှိ ဈေးကြီး၊ ဈေးငယ်တွေမှာရောက်နေတဲ့ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်နှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဓာတ်မြေဩဇာမျိုးစုံ၊ ရွက်ဖျန်းဆေးမျိုးစုံ၊ ပိုးသတ်ဆေးမျိုးစုံ အသုံးပြုစိုက်ပျိုးရပါတယ်။ ဆေးဖျန်းပြီး သတ်မှတ်ရက်ကျော်လွန်မှသာ ရောင်းချသင့်ကြောင်း၊ သတ်မှတ်ရက်မကျော်လွန်ဘဲ လုံးဝရောင်းချခြင်းမပြုရကြောင်း ပညာပေးဟောပြောမှုတွေ၊ လက်တွေ့ကွင်းဆင်းစစ်ဆေးမှုတွေပြုလုပ်ပြီး ကြီးကြပ်သင့်ပါတယ်။ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ ငါးဟင်းတွေချက်တဲ့အခါ မန်ကျည်းသီး၊ ခရမ်းချဉ်သီး၊ ရှောက်သီးတို့အစား ဓာတုအချဉ်မှုန့်တွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစားသုံးနေကြတာကို သိရပါတယ်။ စားသုံးရန်သင့်/မသင့် စစ်ဆေးတားမြစ်သင့်ပါတယ်။ နောက်ပြီးတော့ လူကြိုက်များတဲ့မုန့်တီဖတ်၊ မုန့်ဟင်းခါးဖတ်တွေ ဖြူဖွေးနေအောင် ဖော်မလင်ဆေးတွေကို ချွတ်ဆေးအဖြစ်သုံးနေကြတာတွေ တစ်နိုင်ငံလုံးဖြန့်လျက်ရောက်နေတဲ့ ငါးတွေမှာလည်း တာရှည်ခံအောင် ဖော်မလင်ဆေးအုပ်စုတွေအသုံးပြုနေကြတယ်လို့ ကြားသိနေရပါတယ်။ ဒါတွေကိုလည်း ဓာတ်ခွဲစစ်ဆေးသင့်ပါတယ်။ အထူးသဖြင့် နိုင်ငံခြားကတင်သွင်းနေတဲ့ ဝက်သားအသားတိုးဆေးတွေကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိ/မရှိ ဓာတ်ခွဲစစ်ဆေးသင့်ပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးရှိ ဈေးကြီး၊ ဈေးငယ်တွေနှင့် ကျောင်းမုန့်ဈေးတန်းတွေမှာ မုန့်မျိုးစုံရောင်းချတဲ့အခါ ပလတ်စတစ်လက်အိတ်တွေစွပ်ပြီး ကိုယ်တိုင်ကိုင်တွယ်ရောင်းချသင့်ပါတယ်။ ယင်တွေ၊ ဖုန်မှုန့်တွေမဝင်အောင်

ဖုံးအုပ်ပြီးရောင်းချဖို့ စီမံဆောင်ရွက်သင့်ပါတယ်။ နောက်ပြီးတော့ သောက်ရေသန့်မျိုးစုံနှင့် ဆား၊ ဆီမျိုးစုံမှာလည်း FDA မှ စစ်ဆေးပြီး အမှတ်တံဆိပ်တွေမပါဘဲ ဈေးတွေမှာရောင်းချခွင့်မပြုသင့်ပါဘူး။ စစ်ဆေးကြပ်မတ်မယ့်သူမရှိတဲ့အခါ နေရာအနှံ့မှာရောင်းချနေကြတာ အားလုံးသိမြင်နေရပါတယ်။ ဒါတွေကိုလည်း အထူးဂရုပြုဆောင်ရွက်သင့်ကြောင်းတင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဒီလောက်များပြားတဲ့တာဝန်တွေကို ခေတ်ခွဲစမ်းသပ်စစ်ဆေးဖို့၊ ကြီးကြပ်လမ်းညွှန်ဖို့ ပညာပေးလုပ်ငန်းတွေဆောင်ရွက်ဖို့ FDA ဌာနမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့် FDA ဌာနကို မြို့နယ်ပေါင်း ၃၃၀ ထိ ကျယ်ကျယ်ပြန့်ပြန့် ဝန်ထမ်းအင်အားတိုးချဲ့ဆောင်ရွက်သင့်ကြောင်းနှင့် တိုင်းနှင့်ပြည်နယ်တစ်ခုစီမှာ ခေတ်ခွဲစမ်းသပ်စစ်ဆေးဖို့ ခေတ်ခွဲခန်းတစ်ခုစီ စီမံဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာချို(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့်အကြောင်းအရာကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်အဆိုတင်သွင်းသော ကျောင်းမုန့်ဈေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်သည့် ဓာတုဆေးဝါးပါစားသောက်ကုန်များသည် မြန်မာနိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးနေသလို အရပ်ဘက်ဆိုင်ရာများတွင်ရောင်းချနေသော စံမမီဘေးအန္တရာယ်ရှိစားသုံးဆီများသည်လည်း စားသောက်ကုန်ပြုလုပ်ရာတွင် အဓိကပါဝင်နေသောကြောင့် စံမမီကျန်းမာရေးထိခိုက်နိုင်သော စားသုံးဆီများနှင့်ပတ်သက်၍ စားသုံးဆီများသည်လည်း နိုင်ငံတော်၏အမျိုးသားကျန်းမာရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်နေကြောင်း အကြံပြုတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိအခြေအနေတွင် စားသုံးသူများကိုအကာအကွယ်ပေးသည့်ဦးစီးဌာနများ၊ စားသုံးသူရေးရာနှင့် FDA တို့၏ပူးပေါင်းဆောင်ရွက်မှုလွန်စွာအားနည်းနေကြောင်း တွေ့ရှိရပါတယ်။ ဥပမာပြောရလျှင် ၉-၇-၂၀၁၅ တွင် ရန်ကုန်တိုင်း

ဒေသကြီး၊ စားသုံးသူရေးရာ၊ FDA နှင့် ရန်ကုန်တိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းတို့ ပူးပေါင်း ကွင်းဆင်းဖော်ထုတ်စစ်ဆေးခဲ့သည့်၊ တွေ့ရှိခဲ့သည့်အမှုအား အရေးယူခြင်းမရှိဘဲ ၈-၉-၂၀၁၅ ရက်နေ့ ထုတ် ကြေးမုံသတင်းစာတွင် သတိပေးခြင်းလို့သာ ပြုလုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် ၈-၁၀-၂၀၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာနှင့် FDA၊ မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်း၊ စည်ပင်ဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သောအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ ဆီစက်လုပ်ငန်းတစ်ခုနှင့် အင်းစိန်မြို့နယ်ရှိ ဆီစက်လုပ်ငန်းနှစ်ခုတို့အား ကွင်းဆင်းစစ်ဆေးခဲ့ရာ စားအုန်းဆီများနှင့်ရောနှော၍ စားသောက်ဆိုင်ကြီးများမှ ပြန်ကြော်ဆီများကို ဓာတုဗေဒနည်းဖြင့် အနံ့ ထည့်ထားသည့်မြေပဲဆီအတုလုပ်ခြင်းအား တွေ့ရှိခဲ့သော်လည်း ပြင်းထန်စွာအရေးယူခြင်းမရှိဘဲ ၁၆-၁၁-၂၀၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာအစည်းအဝေးခန်းမ၌ ဝန်ခံ ကတိလက်မှတ်ရေးထိုးခြင်းလောက်သာ ပြုလုပ်ခဲ့ပါသည်။ ၎င်းဆီစက်နှစ်စက် ပြန်ကြော်ဆီနှင့်စား အုန်းဆီဓာတုနည်းဖြင့် အနံ့ထည့်၍မြေပဲဆီအတုပြုလုပ်ခြင်းအား စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်း ၌စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူအများစားသုံးသည့်ဆီများတွင် စားအုန်း ဆီများနှင့် ပြန်ကြော်ဆီများအား ရောနှောပြီး ဓာတုဗေဒနည်းဖြင့် မြေပဲအနံ့၊ နှမ်းအနံ့များထည့်သွင်းပြီး မြေပဲဆီအစစ်၊ နှမ်းဆီအစစ်ကဲ့သို့ ထင်ယောင်ထင်မှားပြုလုပ်ရောင်းချသည့် ကိစ္စရပ်များကို နိုင်ငံတော် အစိုးရအနေနဲ့ ပြင်းပြင်းထန်ထန်ထိရောက်စွာအရေးယူ တားမြစ်ဆောင်ရွက်နိုင်ပါရန် အကြံပြုတင်ပြ အပ်ပါသည်ခင်ဗျား။ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများအား ဆိပ်ကမ်းရှိဆီသိုလှောင်ကန် များတွင် FDA မှ အရည်အသွေးစစ်ဆေးပြီး ဖြန့်ဖြူးရောင်းချခွင့်ပြုထားသော်လည်း ဆီသိုလှောင်ကန် များမှာ ဟောင်းနွမ်း၍ညစ်ပတ်နေသည်ဖြစ်ပါသဖြင့် ဆီများသိုလှောင်ရန်မသင့်လျော်သောကြောင့် ဆီ သိုလှောင်ကန်များအား အသစ်လဲလှယ်ရန် တိုက်တွန်းတင်ပြအပ်ပါသည်ခင်ဗျား။ ဆီသိုလှောင်ကန် များမှတစ်ဆင့် ဖြန့်ဖြူးရာတွင်အသုံးပြုသည့် ဆီပေပါများမှာလည်း ဆီထည့်ရန်မသင့်လျော်သော အက်ဆစ်၊ ပိုးသတ်ဆေး၊ တင်ဒါ၊ အင်ဂျင်ဝိုင်၊ ဒီဇယ်ဆီများထည့်ပြီးသော ပေပါဟောင်းများကို ထည့်သွင်းအသုံးပြုနေခြင်းကိုလည်း ထိုကဲ့သို့အသုံးမပြုပါရန် ပေပါအသစ်များကိုသာ ထည့်သွင်း အသုံးပြုပါရန် အကြံပေးတင်ပြအပ်ပါသည်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စားအုန်းဆီတင်သွင်းရောင်းချသော ကုမ္ပဏီတစ်ခု ချင်းအနေဖြင့်လည်း ပြည်ပမှတင်သွင်းသော စားအုန်းဆီအရည်အသွေးကို စားသုံးသူလက်ဝယ်သို့

ရောက်ရှိသည်အထိ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် မိမိတို့ရောင်းချသော စားအုန်းဆီပေပါ များအား မိမိတို့၏ကုမ္ပဏီတံဆိပ်များ ရိုက်နှိပ်ရောင်းချပေးပါရန် အကြံပြုတင်ပြအပ်ပါသည်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရည်အသွေးမပြည့်မီသော လူကိုဘေးဥပဒ် ဖြစ်စေတတ်သော စားအုန်းဆီများကို စားသုံးခြင်းအားဖြင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်း ရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါစသည့်ရောဂါများကို ဖြစ်စေနိုင်ပါသဖြင့် ၎င်းဆီများအား ဈေးကွက်ထဲသို့မရောက်အောင် နိုင်ငံတော်မှကြီးကြပ်၍ အရေးယူဆောင်ရွက်ပေးမှုရှိခဲ့ပါလျှင် နိုင်ငံတော်၏စီးပွားရေးမူ(၁၂)ချက်တွင်ပါဝင်သော အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း များဟာ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ပဲ၊ နှမ်းစိုက်ပျိုးလုပ်ကိုင်နေသောတောင်သူများ၏ဘဝလည်း မဖြစ်မနေဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသဖြင့် ကျန်းမာရေးနှင့်မညီညွတ်၊ အန္တရာယ်ရှိသော စားသောက်ကုန်များပြုလုပ်ခြင်း၊ ရောင်းချခြင်းများအား ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရန် နိုင်ငံတော် အဆင့်စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ကြောင်း ပြောကြားသည့် အပြင် ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်း သောအဆိုအား အကြံပြုထောက်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မမှားတော့မမှားနိုင်ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခပြောင်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အေဇင်လတ်ရဲ့ ဓာတုဆိုးဆေးပါအသင့်စားသောက်ဖွယ်ရာများ တားဆီးနှိမ်နင်းရေးနဲ့ ပတ်သက်တဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကို ခွဲခြား စိတ်ဖြာကြည့်ရရင် ထောက်ခံရမည့်အပိုင်း နှစ်ပိုင်းတွေ့ရှိရပါတယ်။ ပထမပိုင်းအနေနဲ့ ကျွန်တော်တို့ နိုင်ငံမှာ အန္တရာယ်ရှိ စားသောက်ကုန်တွေ ရောင်းနေတဲ့ကျောင်းတွေအပါအဝင် နိုင်ငံအနှံ့ ရောင်းချ နေတဲ့ကိစ္စဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ အဲဒီကိစ္စကို အခုလို FDA က သတိထားဖို့ ကြေညာပါတယ်။ သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ စာအုပ်တွေမှာပါပါတယ်။ အင်တာနက်

တွေကလည်းအသိပေးပါတယ်။ ကျွန်တော်ဆိုရင်လည်း ယခုဆိုလို့ရှိရင် တရုတ်စာတမ်းပါမုန့်နဲ့ မြန်မာပြည်ထွက်အစားအစာတွေကို မဝယ်ရဲဘဲ ကြောက်သလို ဖြစ်နေရပါ တယ်။ Chinese Letter Forbear နဲ့ Food Die Forbear လို့ခေါ်ရင်ရနိုင်ပါတယ်။ ဒါကြောင့် အားလုံးသိကြတဲ့အတိုင်း အခုလို ဘယ်အစားအသောက်မဆို ကိုယ်တိုင်ပဲစားစား၊ ကိုယ့်မိသားစုပဲ စားစား စိတ်မချရတာမို့ ငါကိုယ်တိုင်ကော၊ အဆိပ်သင့်လူသား ဖြစ်နေပြီးလားလို့၊ သက်တမ်းစေ့နေရပါ့မလားလို့ စိုးရိမ်နေရတာ ကြာနေပါပြီ။ ဒါကြောင့် ဒီကိစ္စဟာလူတိုင်းရဲ့ကိစ္စဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ စားသောက်ကုန်တွေ ရောင်းချတာကို ဘယ်လိုထိရောက်စွာတားဆီးနှိမ်နင်းကြမလဲဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ ပုံမှာပါတဲ့အတိုင်း ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်က ပြဋ္ဌာန်းလိုက်တဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအပါအဝင် ဥပဒေသုံးခု ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဓိကသက်ဆိုင်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွေမှာ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ FDA နဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဦးစီးဌာနစသည်ဖြင့် ဥပဒေတွေအကောင်အထည်ဖော်ဖို့ အသက်ဝင်ပြီးဖြစ်ပါတယ်။ ဥပဒေအရ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်တယ်လို့ သိရပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စားသုံးသူရေးရာဦးစီးဌာနများနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သတင်းတွေကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေပေမဲ့လည်း တစ်နိုင်ငံလုံးခြုံကြည့်ရင် လက်တွေ့ဘဝမှာ၊ ဈေးကွက်တွေမှာ ဆိုးဆေးပါအစားအသောက်တွေဟာ ပျောက်ကွယ်မသွားဘဲ တိုးပွားပေါ်ပေါက်လျက်ရှိနေပါတယ်။ အားလုံးက လက်ခံကြရမှာပါ။ ဒီလိုဖြစ်ရတာဟာ အဆိပ်ပါစားသောက်ကုန်တွေကို ထိရောက်စွာ မတားဆီးနိုင်လို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးတက္ကသိုလ်(၁)က ပါမောက္ခဦးမျိုးမင်းက ကင်ဆာဖြစ်ပွားမှုတွေရဲ့ ၃၅ ရာခိုင်နှုန်းဟာ အစားအသောက်က ဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ထိထိရောက်ရောက်မလုပ်နိုင်ရင် ကင်ဆာရောဂါအပါအဝင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်မှုကို နေ့စဉ်စားသုံးနေကြတဲ့ အန္တရာယ်ရှိ ဆိုးဆေးပါအစားအသောက်များမှတစ်ဆင့် ရရှိခံစားရတာ ဖြစ်ပါတယ်။ FDA အနေနဲ့ ပြည်တွင်း ထုတ်စားသောက်ကုန်တွေအပေါ်မှာ တားဆီးစစ်ဆေး ပညာပေးအရေးယူနိုင်ပေမဲ့ အားလုံး

ပူးပေါင်းဆောင်ရွက်မှုမရှိရင် အခုလိုနယ်စပ်ကဆိုးဆေးပါစားစရာတွေ ဒလဟောဝင်နေပြီး ပြည်သူ လူထုကို ဒုက္ခပေးနေမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စားသုံးသူရပိုင်ခွင့်ဆိုင်ရာ စက်ဝန်းကြီးထဲမှာပါတဲ့ အစိုးရနှင့် တရားစီရင်ရေး ဌာနများအပါအဝင် NGO များ၊ ဘာသာရေးအဖွဲ့များ၊ မိသားစုပြည်သူလူထုများ၊ ရောင်းချတင်သွင်းသူ များ၊ မီဒီယာများ၊ စာသင်ကျောင်းများ စုပေါင်းပါဝင်ဆောင်ရွက်နိုင်တဲ့ တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ စီမံချက်တစ်ခု ရေးဆွဲအကောင်အထည်ဖော်ရေးဟာ အလွန်အရေးကြီးနေပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရက နိုင်ငံတော်အဆင့်စီမံချက် ချမှတ်ပေးမှသာလျှင် တာဝန်ယူမှု စက်ဝန်းကြီးထဲမှာ ပါတဲ့အစိတ်အပိုင်းအသီးသီးဟာ စုစည်းပေါင်းစပ်လာနိုင်ပြီး စွမ်းအားပြည့်လာကာ ပြည်သူအပေါင်း ကိုပါ ဓာတုဆိုးဆေးများပေးသော ဒုက္ခအပေါ်မှာ ကင်းဝေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဓာတု ဆိုးဆေးပါ အစားအသောက်များ ရောင်းချခြင်းအား ထိရောက်စွာတားဆီးပေးနိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံချက်ချမှတ်၍ အားလုံးပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အပြည့်အဝ ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ ကျန်းမာရေးပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒေါက်တာဒေါ်အေဇင်လတ်အဆိုနှင့် ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု ခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၂၈(က)နှင့် ၃၉၀(ဂ) တို့မှာ နိုင်ငံတော်ရဲ့ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းမှာရောင်းချလျက်ရှိ သော ကျန်းမာရေးနှင့်မညီညွတ်သည့် ဓာတုဆိုးဆေးပါစားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ

နှင့်စပ်လျဉ်းကာ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေတို့ဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (Food and Drug Administration)ကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ၁၉၉၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဓာတ်ခွဲခန်းများ၊ နယ်စပ်စခန်းများတွင် Minilab များနှင့် Test Kits များအသုံးပြုကာ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၏အရည်အသွေးကို စစ်ဆေးပေးခြင်းအပြင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းနေအရွယ်ကလေးငယ်များ၏ ကျောင်းမုန့်ဈေးတန်းမှာရှိတဲ့ မုန့်ပဲသရေစာဈေးကွက်မှာ ရောင်းချလျက်ရှိတဲ့အသင့်စားသောက်ကုန်များနှင့် ၎င်းတို့မှာပါဝင်သော ဓာတုဗေဒဆေးများကြောင့် ဖြစ်ပွားတက်သောရောဂါများကို ကျန်းမာရေးသုတေသနစာတမ်းများမှာ ဖော်ပြပါရှိချက်အရ စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။ နုနယ်သောကလေးသူငယ်များရဲ့ ကျန်းမာသန်စွမ်းသော နေထိုင်စားသောက်မှုကို အာမခံမှုရရှိနိုင်ရေးမှာ တာဝန်ယူမှုရှိသော အစားအသောက်ထုတ်လုပ်မှုအခန်းကဏ္ဍကလည်း အဓိကကျလျက်ရှိပါတယ်။ ကလေးသူငယ်များစားသုံးသောမုန့်ပဲသရေစာများသန့်ရှင်းကာ ဘေးအန္တရာယ်ရှိပစ္စည်းများ ကင်းရှင်းရေးကို ကျောင်းသားနှင့်မိဘဆရာများ၊ တာဝန်ရှိကျန်းမာရေးဝန်ထမ်းများအပါအဝင် မုန့်ဈေးတန်းများမှာ ဈေးရောင်းချလျက်ရှိသူများကိုယ်တိုင် အသိတရား၊ ကိုယ်ချင်းစာတရားများကို အခြေခံကာ ပူးပေါင်းပါဝင်မှသာ နိုင်ငံတော်အနေနဲ့ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော ကလေးသူငယ်များကို ပိုင်ဆိုင်ကာ အနာဂတ်တွင် စွမ်းအင်ပြည့်ဝသော လူသားအရင်းအမြစ်များကို အကျိုးရှိစွာဖြင့် နယ်ပယ်အသီးသီးမှာ အသုံးပြုနိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျောင်းမုန့်ဈေးတန်းများမှာသာမက မြန်မာနိုင်ငံတစ်ဝန်း ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများမှာ ကျန်းမာရေးနှင့်မညီညွတ်သည့် ဓာတုဆိုးဆေးများအပြင် Coliform, E.coli, Salmonella, Vibrio Cholera အစရှိတဲ့ အဏုဇီဝပိုးမွှားများ၊ မှိုများ၊ ပိုးသတ်ဆေးဝါးများနှင့် အန္တရာယ်ရှိဓာတ်သတ္တုပစ္စည်း စသည်တို့လည်း ပါဝင်နိုင်ပါတယ်။ အထက်ပါအချက်များအပေါ်မှာမူတည်ပြီး အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းမှု(Food Safety) ကို Chemical Hazard, Biological Hazard, Physical Hazard နဲ့ Allergen စသည်ဖြင့် အခြေခံ

လေးရပ်ပိုင်းခြားဆောင်ရွက်လျက်ရှိပါတယ်။ စာသင်ကျောင်းများရှိ ဈေးတန်းများမှာ ရောင်းချနေတဲ့ အရောင်အသွေးစုံလင်တဲ့မုန့်များဟာ ကလေးသူငယ်များကို ဆွဲဆောင်မှုရှိတာတွေ့ရပါတယ်။ သို့ဖြစ်၍ အစားအသောက်ထုတ်လုပ်ရောင်းချသူများအနေဖြင့် ကလေးသူငယ်များအပေါ် မိဘသဖွယ်စိတ်ထားကာ မိမိတို့ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ ကျန်းမာရေးနှင့်ညီညွတ်သောမုန့်များကိုသာ ထုတ်လုပ်ရောင်းချသင့်ပါတယ်။ စာသင်ကျောင်းများတွင်ရောင်းချနေသော ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့် အသင့်စားမုန့်များနှင့် အကင်များ၊ အစားအသောက်များမှာ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ ထည့်သွင်းစေရေး အထူးအလေးထားကြပ်မတ်ဆောင်ရွက်သင့်ပါတယ်။ အသင့်စားသောက်ကုန်များနှင့် ၎င်းတို့မှာပါဝင်တဲ့ ဓာတုဆေးများကြောင့် ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ သွေးတွင်းသကြားဓာတ်မြင့်မားခြင်း၊ အရိုးပွရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အဝလွန်ရောဂါ စတဲ့ရောဂါတွေဖြစ်ပွားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာအများဆုံးတွေ့ရှိရတဲ့ အစားအသောက်မှာ သုံးခွင့်မပြုတဲ့ ဆိုးဆေးတွေဖြစ်တဲ့ Auramine-O, Rhodamine-B, Sudan Dyes and Orange II စသည်တို့ဟာ အစာအိမ်အူလမ်းကြောင်းရောင်ခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုထိခိုက်စေခြင်းနှင့် အသည်းနှင့်ကျောက်ကပ် ပျက်စီးခြင်း၊ ကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာမှာ ဈေးကွက်အတွင်းရှိတရားမဝင် အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Pre and Post Market Survey လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဥပဒေဖြင့်ကြပ်မတ်ကွပ်ကဲခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ထူးခြားထိရောက်သည့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးနှင့် ပြည်တွင်းကွန်ရက်များထူထောင်ခြင်း၊ အာဆီယံအပါအဝင် နိုင်ငံတကာကွန်ရက်တို့နှင့် ချိတ်ဆက်ဆောင်ရွက်ကာ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် အန္တရာယ်ရှိ စားသောက်ကုန်ဆေးဝါး၊ အလှကုန်၊ လူသုံးကုန် ပစ္စည်းများကို ပြည်သူများသိရှိနိုင်ရန် သတင်းစာ၊ ရေဒီယို၊ TV၊ ဂျာနယ်၊ လူမှုကွန်ရက်များတွင် ကြေညာခြင်း၊ ဈေးကွက်များပပျောက်စေရေးနှင့် ဆက်လက်ရောင်းချပါက ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူသွားရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့လည်း FDA မှထုတ်ပြန်ကြေညာတဲ့ စားသုံးရန်မသင့်တဲ့ အစားအသောက်၊ သုံးစွဲရန်မသင့်တဲ့ ဆေးဝါး၊

အလှကုန်၊ လူသုံးကုန်ပစ္စည်းများကို တပ်မတော်တစ်ရပ်လုံး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိပါတယ်။ သက်ဆိုင်ရာတိုင်း၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့အလိုက် ကျန်းမာရေးဟောပြောပွဲတွေ ပြုလုပ်ပြီး ဒေသန္တရအမိန့်ဖြင့် တားမြစ်ဆောင်ရွက်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ၁၉၉၇ ခုနှစ်၊ မတ်လ ၃ ရက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၅/၉၇)ဖြင့် ပြဋ္ဌာန်းခဲ့သော အမျိုးသားအစားသောက်ဥပဒေအဖြစ် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးစနစ်ကို ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတော်တွင်ထိရောက်သော စားသောက်ကုန်ကွပ်ကဲရေးဆောင်ရွက်ချက်များကို ဥပဒေအရ တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်နေဆဲ၊ အားနည်းနေဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများတွင် လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံလုံလောက်မှုမရှိခြင်း၊ စစ်ဆေးဖော်ထုတ်သည့် စက်ကိရိယာ၊ ဓာတ်ခွဲခန်းပစ္စည်းများအပါအဝင် အခြေခံအဆောက်အဦး လိုအပ်ချက်များရှိနေခြင်း၊ လူမှုရေးကိုရှေ့တန်းတင်ခြင်း၊ အားနာတတ်ခြင်း၊ ပညာပေးအစီအစဉ်များ အားနည်းခြင်းစသည့် အကြောင်းအရာများကြောင့် စားသောက်ကုန်ကွပ်ကဲရေးလုပ်ငန်းများကို နှောင့်နှေးစေလျက်ရှိသော အဓိကအကြောင်းအရင်းများဖြစ်ရာ လိုအပ်တာများကို လျင်မြန်စွာဖြည့်ဆည်းဆောင်ရွက်ကာ ဥပဒေနှင့်အညီ တိတိကျကျဆောင်ရွက်သင့်ပါတယ်။ အစိုးရ၏အမျိုးသား စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒနှင့် စီမံကိန်းများသည် စားသောက်ကုန်လုပ်ငန်းနယ်ပယ်မှ သက်ဆိုင်ရာပါဝင်ပတ်သက်သူတို့နှင့်သာမက ဆင်းရဲမှုလျှော့နည်းကျဆင်းရေးမူဝါဒ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအစရှိသည်တို့နှင့် ပေါင်းစည်းဆက်စပ်ကာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မည့် နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဘုတလင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာပါ။ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာပါတဲ့ တာဝန်ရှိသည့်ဌာနဆိုင်ရာများ စုပေါင်းပါဝင်ပြီးဆိုတဲ့အချက်ဟာ တကယ်ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။ ဈေးကွက်ထဲကိုရောက်ရှိနေတဲ့ စားသုံးရန်မသင့်တဲ့ အစားအစာများဟာ နေရာဌာနပေါင်းစုံက ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ရှေ့ကကိုယ်စားလှယ်ကြီး များတင်ပြထားသလို စားသုံးသည်များဟာ နိုင်ငံတကာက တင်သွင်းတာဖြစ်လို့ သွင်းကုန်လိုင်စင်များ ထုတ်ပေးရာမှာ တင်သွင်းဖို့သင့်/မသင့် အထူးစိစစ်ကြပ်မတ်ပေးဖို့လိုအပ်နေပါတယ်။ ကျန်းမာရေး ကောင်းမွန်ဖို့ ကျွန်တော်တို့ စားသုံးနေတဲ့အသီးအနှံများဟာလည်း အမှန်တကယ် စားသုံးသင့်တဲ့ အသီးအနှံတွေဟုတ်ပါရဲ့လားဆိုတာ စိစစ်နေဖို့လိုပါပြီ။ ဥပမာ- သရက်သီး၊ ငှက်ပျောသီးမှည့် လိုဟာမျိုးတွေပါ။ ဟိုအရင်ကဆိုရင် ငှက်ပျောသီးမှည့်တွေဟာ ဖွဲမီးနဲ့ မှည့်အောင်အုပ်ပြီးတော့ ထားပါတယ်။ အချိန် နှစ်ရက်လောက်ကြာပါတယ်။ ဒီနေ့အချိန်အခါမှာကတော့ မှည့်ဆေးဆိုတဲ့ ဆေးရည်နဲ့တို့ပြီး နာရီအနည်းငယ်အတွင်းမှာ အဝါရောင်မှည့်လာပါတယ်။ ဆိုင်ပေါ်မှာ နှစ်ရက်၊ သုံးရက်ထားလည်း မပုပ်မသိုးပါဘူး။ ထုတ်လုပ်သူတွေ အကြိုက်တွေ့နေပါတယ်။ ဒီမှည့်ဆေးတွေဟာ ပြည်တွင်းဖြစ် မဟုတ်ပါဘူး။ ဒါပေမဲ့ ဈေးကွက်ထဲမှာ ဈေးပေါပေါနဲ့လိုသလောက် ရနေပါပြီ။ အခြားသောအသီးတွေဟာလည်း ဒီနည်းအတိုင်း ဈေးကွက်ရဲ့လိုအပ်ချက်ကို လိုအပ်သလို ဖြည့်ဆည်းပေးနေကြပါတယ်။ ကောက်ပဲသီးနှံတွေနဲ့ပတ်သက်ရင်လည်း ထားသိုပုံစနစ်မှားယွင်း မှုကြောင့် စားသုံးသူတွေကို များစွာဒုက္ခရောက်စေနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ဂျုံ၊ ကုလားပဲ သီးနှံတွေဟာ ဖေဖော်ဝါရီလ၊ မတ်လတွေမှာ ရိတ်သိမ်းရပါတယ်။ တောင်သူတွေဟာ ဒီသီးနှံတွေကို ရောင်းချချိန်အထိ ပိုးမဖောက်ဖို့ရာအတွက် အလူမီနီယမ်ဖော့စဖိတ်လို ဆေးပြားတွေကို မြုပ်နှံ ထားရပါတယ်။ တောင်သူတွေရော၊ ကုန်သည်တွေပါ ဒီဆေးပြားမပါဘဲ ပိုးမဖောက်အောင် ထိန်းသိမ်း ထားတဲ့စနစ်မရှိသေးပါဘူး။ ဒီဆေးပြားတွေဟာ သုံးစွဲပုံ၊ သုံးစွဲနည်းလွဲမှားမှုကြောင့် စားသုံးသူကို များစွာဒုက္ခရောက်စေနိုင်ပါတယ်။ ဒီကောက်ပဲသီးနှံတွေဟာ စားသုံးရန်သင့်လား၊ မသင့်လားဆိုတာ စစ်ဆေးမှုတစ်စုံတစ်ရာမရှိဘဲ ပြည်တွင်းမှာတော့ စားသုံးနေကြဆဲပါ။ အခုလို ပိုးသတ်ဆေးတွေ၊ ဓာတ်မြေဩဇာတွေ အလွန်အကျွံသုံးစွဲမှုကြောင့် ကျွန်တော်တို့ရဲ့ ပဲတီစိမ်းတွေဟာ ပြည်ပနိုင်ငံတွေက မဝယ်သလောက်ဖြစ်နေပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြသလို တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့်စီမံချက်တစ်ရပ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက် သင့်နေပါပြီ။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ LDC နိုင်ငံ စာရင်းဝင်နိုင်ငံတစ်ခုပါ။ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ဆင်းရဲချို့တဲ့ပြီး အသိပညာလည်းနည်းပါးတဲ့ ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ ဆင်းရဲခြင်းရဲ့အဓိကအကျိုးဆက်ကြောင့် ကျေးလက်နေပြည်သူများမှာ မိမိတို့စားသုံးမယ့် အစားအစာ၊ အရည်အသွေး၊ စားသုံးဖို့သင့်/မသင့် ဒါတွေကို မစဉ်းစားနိုင်ကြပါဘူး။ သူတို့စဉ်းစားနေတာကတော့ ဈေးနှုန်းပါပဲ။ နေ့စဉ်စားသုံးနေတဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စတဲ့အသင့်စားသုံးနေတဲ့ အစားအစာတွေပါ။ ဓာတုဆိုးဆေးတွေ၊ တာရှည်ခံပစ္စည်းတွေ ပါ/မပါကိုလည်း သာမန်မျက်စိနှင့်မသိနိုင်ပါဘူး။ သက်ဆိုင်ရာဌာနမှာ မှတ်ပုံတင်ထားခြင်းရှိ/မရှိကိုလည်း စစ်ဆေးနိုင်တဲ့အသိလည်း နည်းပါးနေဆဲပါ။ ဈေးကွက်မှာရှိနေတဲ့ အစားအစာတွေထဲက မှတ်ပုံတင်ထားမှ စားရမယ်ဆိုရင် အင်မတန်ရှားပါးပါလိမ့်မယ်။ နေ့စဉ်စားသုံးနေတဲ့ ဆီ၊ ငါးပိ၊ ငါးခြောက်တွေမှာ များသောအားဖြင့် ကုန်ပစ္စည်းအမှတ်တံဆိပ်တောင်မှ မပါပါဘူး။ မှတ်ပုံတင်ထားတဲ့ကုန်ပစ္စည်းတွေကို မြို့နယ်အဆင့်တွေမှာလည်း စစ်ဆေးနိုင်ခြင်းမရှိဘူးဖြစ်နေပါတယ်။ တစ်နိုင်တစ်ပိုင်အသေးစားထုတ်လုပ်သူများကို မစစ်ဆေးနိုင်တဲ့ ဈေးကွက်တွေမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနေတဲ့ စားသုံးကုန်များကိုတော့ ရှောင်တခင်စစ်ဆေးသင့်ပါတယ်။ ထုတ်လုပ်သူများကို မှတ်ပုံတင်ခိုင်းခြင်းအားဖြင့်လည်း နိုင်ငံအတွက် အခွန်ငွေရရှိမယ့်အပြင် စားသုံးသူများကိုလည်း အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုးဝါးဆုံးကတော့ မြန်မာစာတစ်လုံးမှမပါဘဲ တရုတ်စာ၊ ထိုင်းစာများနှင့် စားသောက်ကုန်တွေဟာ နေရာအနှံ့အပြားမှာ တွေ့မြင်နေရတာပါ။ ဒါတွေကို နယ်စပ်ဝင်ပေါက်တွေမှာ တားမြစ်ခြင်းမပြုဘဲ ပြည်တွင်းမှာသာ သိမ်းဆည်းမည်ဆိုပါကလည်း သင့်လျော်မည်မဟုတ်ပါ။ ဒါကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးစေလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ စားသုံးရန်မသင့်တဲ့ အစားအသောက်များနှင့်ပတ်သက်၍ ဆိုးကျိုးများကို အခြေခံကျောင်းများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ကျေးလက်ဒေသများသို့ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဒါကြောင့် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံအကြံပြုအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးကျော်အောင်လွင်ပါ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လူ့ဘဝအတွက်အရေးအကြီးဆုံးဟာ ဘာလဲလို့မေးရင် အသက်ရှင်ရပ်တည်ခြင်းပဲလို့ပြောရပါမယ်။ အသက်ရှင်ရပ်တည်ဖို့ ကျွန်တော်တို့ တွေ အစာစားရပါတယ်။ အစားလည်းဆေး ဆေးလည်းအစာလို့ ဆိုရိုးရှိပါတယ်။ ကျွန်တော်တို့ စားလိုက်တဲ့ အစာအာဟာရတွေဟာ အသက်ရှည်ရာအနာမဲ့ကြောင်း ကောင်းမြတ်တဲ့ဆေးလည်း ဖြစ်ဖို့ လိုအပ်ပါတယ်ဆိုတာကို ညွှန်ပြနေပါတယ်။ ဒီနေ့ ဒီအချိန် ကျွန်တော်တို့နိုင်ငံမှာ ရောင်းဝယ်ဖောက်ကားစားသောက်နေတဲ့ အရာအများစုဟာ ဆေးမဖြစ်ဘဲ ဘေးဖြစ်စေမယ့် အဆိပ်တွေဖြစ်နေပါတယ်။ ဒီနေ့ ဒီအချိန် ဆေးရုံဆေးခန်းတွေမှာသွားကြည့်လိုက်ရင် လူနာတွေ ကြိတ်ကြိတ်တိုးစည်ကားလှပါတယ်။ ရောဂါဖြစ်မှန်းမသိဖြစ်နေသူတွေ၊ ရောဂါခံစားနေရသူတွေ၊ အသက်သေဆုံးသူတွေ များပြားလှပါတယ်။ လူ ၁၀ ဦးမှာ ရှစ်ဦးဟာ ရောဂါတစ်မျိုးမျိုးစွဲကပ်နေတယ်လို့ သမားတော်ကြီးတစ်ဦးရဲ့ ထောက်ပြချက်ဟာ စိုးရိမ်ဖွယ်အခြေအနေဖြစ်နေပါတယ်။ ကင်ဆာရောဂါဖြစ်ပွားမှုဟာ အားလုံးသိတဲ့အတိုင်း ကမ္ဘာမှာ ကျွန်တော်တို့နိုင်ငံက အဆင့်(၂)ပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့သေဆုံးမှုတွေ၊ ပျမ်းမျှသက်တမ်းနိမ့်ပါးနေမှုတွေ၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ နှလုံးစတဲ့ ရောဂါတွေကတော့ မကြားချင်အဆုံးဖြစ်နေပါတယ်။ အရင်းစစ်တော့ အမြစ်မြေကတဲ့ ကျွန်တော်တို့ နေ့စဉ်စားသုံးနေကြတဲ့ အရာတွေထဲက လက်ဖက်၊ ဆန္ဒင်းမှုန့်၊ ငရုတ်မှုန့်၊ ငါးပိ၊ ပုစွန်ခြောက်၊ မျှစ်၊ ပဲနီ၊ ပဲဝါ၊ ဆော့အမျိုးမျိုး၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အချိုရည်၊ ဝေဖာ၊ ဂျယ်လီ၊ ဇီးထုပ်စတဲ့ အစားအသောက်တွေကို အော်ရာမင်ဘီ၊ အော်ရာမင် Orange2 ၊ ဆူရမ်ဒိုင်း စတဲ့ အန္တရာယ်ရှိတဲ့ ဆိုးဆေးတွေဆိုးခြင်းဟာ ကင်ဆာကာကွယ်စေတဲ့ အစားအစာတွေကို ကင်ဆာဖြစ်စေတဲ့ ရောဂါရစေတဲ့အကြောင်းတွေဖြစ်သွားစေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ရှည်ကျန်းမာစေတဲ့ ငှက်ပျောသီး၊ သင်္ဘောသီး၊ သရက်သီး၊ လိမ္မော်သီးစတဲ့ အသီးအနှံတွေကို အန္တရာယ်များလှတဲ့ မှည့်ဆေးတွေသုံးကြလို့ ရောဂါတွေဖြစ်၊ အသက်တွေတိုတယ်။ ငါးပိ၊ ငါးပိရည်တွေကို သုံး၊ လေးလ မစောင့်ဘဲနဲ့ ရက်ပိုင်းနဲ့ ရစေဖို့ ဓာတ်မြေဩဇာ၊ ဆာလ်ဖြူရစ်အစ်ဆစ်နှင့် မြန်မြန်ရောင်းနိုင်ဖို့လုပ်တယ်။ မုန့်ဟင်းခါး၊ ပဲပြားတွေ တာရှည်ခံဖို့ လူသေတွေမှာထိုးတဲ့ Formalin တွေသုံးတယ်။ အသီးအရွက်တွေဈေးကွက်ထဲရောင်းဖို့ ပိုးသတ်ဆေးတွေပက်ဖြန်း၊ ခဏနဲ့ခူးပြီးတော့ ဈေးကွက်ထဲမှာရောင်းတယ်။ အဆိပ်တွေကို ကျွန်တော်တို့ စားနေကြရတာပါ။ လွန်ခဲ့တဲ့ငါးနှစ်ခန့်က ဆိပ်ဖြူနယ်ဘက်မှာ ပိုးသတ်ဆေးတွေ

ပက်ဖြန်းထားတဲ့ ပန်းမုန်လာတွေကိုစားပြီးတော့ လူပေါင်း ၅၀ ကျော် အဆိပ်အတောက်ဖြစ်၊ အော့အန်၊ ဝမ်းလျှော၊ ဆေးရုံတွေတက် သေတဲ့လူတွေ သုံး၊ လေးယောက် သေဆုံးသွားခဲ့ဖူးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်အောင်ဆန်းလောင်းလျာ သားကောင်း ရတနာလေးတွေရဲ့ ကျောင်းမုန့်ဈေးတန်းတွေမှာ တစ်ဖက်နိုင်ငံက အန္တရာယ်ရှိမုန့်တွေ၊ ဆိုးဆေးပါ သရေစာတွေ၊ ကျန်းမာရေးထိခိုက်နိုင်တဲ့ မသန့်ရှင်းတဲ့အစာတွေရောင်းချနေကြပါတယ်။ ဈေးကွက် ထဲမှာ တစ်ဖက်နိုင်ငံကုန်တိုက်တွေက ရက်လွန်စွန့်ပစ်စားသောက်ကုန်တွေကို မှောင်ခိုတင်သွင်းလာ ပြီးတော့ ရက်စွဲတွေခွာပြီးတော့ ရောင်းချနေကြတယ်။ ဆေးဝါးအတုတွေရောင်းချနေကြတယ်။ Hidden Killer အသံတိတ်လူသတ်သမားတွေအဖြစ်နဲ့ ကျွန်တော်တို့ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်ပေါင်းများစွာဟာ အသတ်အဖြတ်ခံနေရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ဝိသမလောဘတွေ ဘယ်သူသေသေ ငတေမာစိတ်ဓာတ်တွေကြောင့် ပြည်သူတွေဘယ်လောက်ဒုက္ခရောက်နေကြပြီလဲ။ ဒီလောက်အန္တရာယ် ရှိမှန်းသိရက်နဲ့ ကျွန်တော်တို့တွေ မိုးခါးရေသောက် မျက်နှာလွှဲနေကြတော့မှာလား။ ပြီးခဲ့တဲ့ခေတ် တစ်လျှောက်မှာ ကျွန်တော်တို့ရဲ့ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဥပဒေစိုးမိုးမှုနှင့် တိုင်းပြည်ရဲ့ သယံဇာတရုပ်ဝတ္ထုတွေတင်ပျက်စီးခဲ့တာမဟုတ်ဘဲ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကောင်းတွေ၊ ကျွန်တော်တို့ရဲ့ ကိုယ်ကျင့်တရားတွေနဲ့ ဥပဒေလေးစားလိုက်နာတဲ့ စိတ်ဓာတ်တွေပါ ပျက်စီး သွားခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကစိုက်ပျိုးရေးထုတ်ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ဝယ်သူမရှိတာ ဈေးနိမ့်ခံရတာ စတဲ့အကြောင်းတွေဟာ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနဲ့ ဓာတု ဓာတ်ကြွင်းတွေများစွာပါဝင်နေခြင်းဟာ အဓိကအကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တစ်တွေ ပြည်သူလူထုကို ထိထိရောက်ရောက် အသိပညာပေးကြရပါမယ်။ ဌာနဆိုင်ရာ အဆင့်ဆင့်ထိရောက်စွာကိုင်တွယ်ဖြေရှင်းကြရပါမယ်။ ဥပဒေ၊ နည်းဥပဒေတွေနှင့်အညီ ပြည်သူ့ မျက်နှာ၊ တိုင်းပြည်မျက်နှာဘဲကြည့်ပြီးတော့ တိကျစွာ ဆောင်ရွက်ကြရပါမယ်။ ပြည်သူတွေကိုယ်တိုင် ဦးက အဲဒီလိုအစားအစာတွေကို ဝယ်ယူစားသုံးခြင်းမပြုဘဲနဲ့ ဝိုင်းဝန်းပါဝင်ပြုပြင်ပေးဖို့လိုအပ်ပါ တယ်။ ဒီလောက်ဆိုးရွားရက်စက်လှတဲ့ အသံတိတ်လူသတ်သမားတွေရဲ့ အန္တရာယ်ကို ကျွန်တော်တို့ အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်တစ်ရပ်အနေနဲ့ အစိုးရ၊ လွှတ်တော်နှင့်ပြည်သူ ညီတူသာ လက်တွဲပြီးတော့ အရေးတကြီးတားဆီးကာကွယ်တိုက်ဖျက်ကြဖို့ နှိုးဆော်ရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**မူကြမ်း**

ပြည်သူအားလုံး အသံတိတ်လူသတ်သမားဘေးက ကင်းဝေးပြီးတော့ ကျန်းမာချမ်းသာကြပါစေ ခင်ဗျား။

**ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးရန် ဖြစ်ပါတယ်။ ငါးမိနစ်အနည်းငယ်တော့ ကျော်နိုင်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများတင်ပြတဲ့အချက်များကို ၉၀ ရာခိုင်နှုန်းလောက်ကို ကျွန်တော် သဘောတူလက်ခံ ပါတယ်။ ကျွန်တော့်အနေနဲ့က FDA အနေနဲ့ကတော့ အရေးယူလို့မရပါဘူး။ အရေးယူတဲ့အပိုင်းဟာ FDA မဟုတ်ပါဘူး။ နောက်တစ်ချက်က ကျွန်တော်တို့ ခရိုင်တွေမှာလည်း ၂၄ ခရိုင်လောက် ဝန်ထမ်းတွေဖြည့်ထားပြီးပါပြီ။ လူအင်အားအနေနဲ့ကတော့ တိုင်းပြည်က ပေးတဲ့လူအင်အား၊ ပစ္စည်းအင်အားနဲ့ အတက်နိုင်ဆုံးကျွန်တော်တို့ ဆောင်ရွက်နေတယ်ဆိုတာကို ပထမဆုံးပြောချင်ပါ တယ်။ ကျောင်းမုန့်ဈေးတန်းအပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ဈေးကွက်မှာရောင်းချတဲ့ အစားအစာတွေကို ဆိုးဆေးအန္တရာယ်တွေက ဒီ Population ကို ပြန်လည်ပြီးတော့မရနိုင်သော Irreversible Damage ဖြစ်နိုင်တဲ့အတွက် ဒီကိစ္စသည် National Health Emergency လို့တောင်ခေါ်လို့ရပါတယ်။ ကျွန်တော်တို့ ကိုယ်ခန္ဓာထဲမှာရှိတဲ့ အသဲဟာ Toxification အဆိပ် တွေကို အဆိပ်မဖြစ်အောင်လုပ်တယ်။ ကျောက်ကပ်ကအဆိပ်ရှိတာကို ထုတ်ပေးတယ်။ သို့သော်လည်း ဒီကျောက်ကပ်နှင့်အသဲသည် အချိန်ပြည့်လုပ်တဲ့အခါမှာ Break Down ဖြစ်သွားပြီး တော့ Body ထဲမှာ Accumulate ဖြစ်သွားပါတယ်။ အန္တရာယ်အများကြီးရှိတဲ့အတွက် အလွန့်အလွန် အရေးကြီးတာဖြစ်ပါတယ်။ သို့သော် ဒီကိစ္စတွေအားလုံးဟာ ဒီကာကွယ်၍ရတဲ့ကိစ္စတွေဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေး(Public Health) မဟာဗျူဟာ၊ နည်းဗျူဟာတွေကို သုံးမယ်ဆိုရင် ကျွန်တော်တို့ လုံးဝဒါကာကွယ်လို့ရပါတယ်။ သို့သော်လည်း ဒီကိစ္စဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

တစ်ခုတည်း လုပ်လို့မရပါဘူး။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေး(Public Health)ရဲ့ အခြေခံနိယာမ သုံးခုရှိပါတယ်။ ဘယ်အကြောင်းအချက်မဆို ဘာ့ကြောင့်ဒီအကြောင်းတစ်ချက်ဟာ ဖြစ်လာတယ် ဆိုတာ အချက်သုံးချက်ပဲရှိပါတယ်။ ဒီအချက်သုံးချက်နှင့်ကျွန်တော်က ဒီကိစ္စကိုကိုင်တွယ်လို့ရပါ တယ်။ အချက်သုံးချက်ကဘာလဲဆိုရင် Agent၊ Host and Environment သုံးခုပဲရှိပါတယ်။ Host အနေနဲ့ပြောရင် Host ဆိုတာ ကျွန်တော်တို့အနေနဲ့ စားသုံးသူ၊ ကျောင်းသူကျောင်းသားနဲ့ ပတ်သက်ပြီးတော့ ကာကွယ်နိုင်တဲ့၊ လုပ်နိုင်တဲ့အချက်တွေက အများကြီးရှိပါတယ်။ Agent ဖြစ်တဲ့ ဆိုးဆေးပါသောမုန့် မုန့်ရောင်းသူ၊ မုန့်ထုတ်လုပ်သူ ဒီအချက်တွေကိုလည်း ကျွန်တော်တို့ ကိုင်တွယ် ဖြေရှင်းလို့ရပါတယ်။ နောက် Environment ပတ်ဝန်းကျင်အနေအထားအရ လုပ်ကိုင်၍ရသော အချက်များရှိပါတယ်။ ဆိုလိုတာကတော့ ဤကဲ့သို့သော ဖြစ်ရပ်များသည် စားသုံးမှုကိုထိန်းနိုင်သည့် အချက်များဖြစ်ပါတယ်။ ဆိုလိုတာက ဆိုးဆေးပါသော မုန့်အစားအစာရောင်းချရခြင်း၏ အကြောင်းတရားများ၊ ဤကဲ့သို့ရောင်းချရန် အခြေအနေပေးသည့်အကြောင်းတရားများ၊ ဤကဲ့သို ဖြစ်ခြင်း၊ ရောင်းစေခြင်းတို့ ပံ့ပိုးပေးနေသည့် လှုံ့ဆော်ပေးနေသည့်အချက်များ ဤအချက်တွေကို အကုန်ကိုင်တွယ်ရမယ်။ ကိုင်တွယ်တဲ့အခါမှာ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းလုပ်လို့မရပါဘူး။ အားလုံးပေါင်းလုပ်ရပါတယ်။ အဲဒီတော့ ဒီကိစ္စမှာကျွန်တော်တို့ အခုမြင်တာကတော့ နိုင်ငံတော်အဆင့်စီမံချက်ရေးဆွဲမယ်ဆိုတာကို လုံးဝထောက်ခံတယ်။ သဘော လည်းတူပါတယ်။ သို့သော်လည်း နိုင်ငံတော်အဆင့်လုပ်မယ်ဆိုလို့ရှိရင် အခု ဒေါက်တာ ဒေါ်အေဇင်လတ်ပြောထားတာကတော့ ဆိုးဆေး။ သူပြောတာကတော့ Emphasize လုပ်တာကတော့ ဆိုးဆေးပါသောဟာကိုလုပ်ပါတယ်။ ဒါ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်အဆင့်လုပ်မယ်ဆို လို့ရှိရင် Food Safety သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ၊ ပြည်သူများ၊ ကျောင်းသား များအားလုံး စားသုံးနိုင်အောင်ဘယ်လိုလုပ်မယ်လို့ဆိုလို့ရှိရင် ပိုပြီးကောင်းပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အဆင့်အနေနဲ့ စီမံကိန်းချသော်ငြားလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်မှာ လုပ်ဆောင်ချက် ကမတူနိုင်ပါဘူးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ လုပ်တာနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ လုပ်တာနဲ့ မတူတဲ့အတွက် ဒီနိုင်ငံတော်အဆင့်စီမံချက်ကြီးချပြီးရင် ဒီစီမံချက်ကြီးမှာပါတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာ၊ Activity တွေကို ကျွန်တော်တို့က သူ့တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လိုအပ်ရင် လိုအပ်သလို အနည်းငယ်ပြောင်းလဲပြီးတော့ ကျင့်သုံးလို့ရှိရင် ပိုမိုထိရောက်ပြီး ပိုက်ဆံငွေကြေး လည်းအကုန်ကျသက်သာမှာဖြစ်ပါတယ်။ ရန်ကုန်မှာ ဒီလောက်ကြီးလုပ်မယ့်ဟာကို ကရင်ပြည်နယ်မှာ

ဒီလောက်ပဲလုပ်မယ်။ ရန်ကုန်မှာ ခြောက်ချက်လုပ်မယ့်ဟာကို ကရင်ပြည်နယ်မှာ သုံးချက်လောက်နဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတော်အဆင့်စီမံကိန်းဆွဲပြီးရင် သူ့တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့က ကြီးကြပ်(Social Health Minister) လူမှုရေးဝန်ကြီးတွေနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးမှူး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကို ပညာရေးဘက်ကလူတွေနဲ့ အကုန် ပေါင်းပြီးလုပ်လို့ရပါတယ်။ အဲဒီတော့ ဒီမှာပါဝင်တဲ့ အဓိကဇာတ်ကောင်တွေက ဘယ်သူတွေပါလဲ ဆိုရင်ဒါတွေကအကုန်ပါရမှာ။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးပါမယ်။ Ministry of Education ပါမယ်။ စည်ပင်ပါမယ်။ ထွေ/အုပ်တွေပါမယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရပါမယ်။ Custom ပါမယ်။ Border Affair တွေပါမယ်။ Consumer Association တွေပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ Consumer Association က Weak ဖြစ်ပါတယ်။ အခြားနိုင်ငံမှာဆိုလို့ရှိရင် အလွန့်အလွန်ကြီးပြီးတော့ Consumer စဉ်က ထုတ်တဲ့ စာအုပ်တွေတော့ လစဉ်ထုတ်ပြီးတော့ ဘယ်ပစ္စည်းတွေကောင်းတယ်၊ ဘယ်အစားအသောက်တွေကောင်းတယ်၊ မကောင်းဘူးဆိုတာရှိပါတယ်။ ဒီအဆင့်ထိ ကျွန်တော်တို့သွားမှသာလျှင် ပြည်သူများသည်ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြတဲ့အတိုင်း ဗဟုသုတနည်းပါးတယ်။ ဒီလိုဟာမျိုးကို များများထုတ်ပေးမယ်ဆိုလို့ရှိရင်၊ ပြည်သူတွေအများကြီးသိမယ်ဆိုရင် မစားတော့ဘူး။ မစားရင် ရောင်းလို့မရဘူး။ ရောင်းလို့မရရင် ထုတ်တဲ့သူကမထုတ်တော့ဘူး။ ဒါ ခုနကပြောတဲ့ Base Patient Cycle ကိုတစ်နေရာမှာ ဖြတ်ဖို့လိုပါတယ်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနကတော့ ကျွန်တော်တို့မှာ ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ ရှိပါတယ်။ ကျွန်တော်တို့မှာ ကျောင်းမှာ Health Literacy Promotion ပေါ့။ Health Education ဒါကျွန်တော့်လက်ထက်မှာ ဦးစားပေးတာနှစ်ခုရှိတယ်။ ကျောင်းကျန်းမာရေးနဲ့ (Health Literacy Promotion Unit) ကထိပ်တန်းမှာဆောင်ရွက်နေတဲ့ နှစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ပညာရေးဝန်ကြီးဆိုရင်လည်း အဓိကကတော့ ဆရာဆရာမတွေ ကိုယ်၌ကိုယ်ကသာလျှင် ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့သိရှိနားလည်မှုဖြစ်မယ်။ သို့မှသာလျှင် ဆရာဆရာမ၊ ကျောင်းသားတွေ ပြောမယ်။ ထို့အပြင် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့တွေရှိပါတယ်။ ဒါကို ကျွန်တော်တို့က ယခုထက်အရမ်းကို Strengthern လုပ်ဖို့လိုပါတယ်။ ကျောင်းကျန်းမာရေးသည် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့။ ဆရာများကဏ္ဍကတော့ အလွန့်အလွန်အရေးကြီးတဲ့အတွက် ဆရာတွေကို ဘယ်လိုပညာပေးမယ်၊ ဘာလုပ်မယ်ဆိုတာကို ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနပေါင်းပြီး လုပ်ဖို့ရှိပါ

တယ်။ အခုလည်းလုပ်နေပါတယ်။ နေပြည်တော်မှာ စပြီးတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့စနေပါပြီ။ အဲဒီတော့ နောက်တစ်ချက်က ကျွန်တော်တို့ Force ဖြစ်တဲ့ မုန့်ကိုထုတ်လုပ်တဲ့သူများ သူတို့ကို ကောင်းကောင်းပညာပေးရမယ်။ Good Manufacturing Practice သူတို့ကျင့်ဝတ် အမြတ် တစ်ခုနဲ့တင်ပြသွားပါတယ်။ အမြတ်တစ်ခုတည်းကို မကြည့်ဘူးဘဲ လူ့ကျင့်ဝတ်အရ ဒါတကယ့် တကယ်တော့ အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ လူသတ်တာပဲ။ ပတ်သက်သော်လည်း သူက Slowly သူကလူကိုသတ်တဲ့ပုံစံမျိုးဖြစ်တဲ့အတွက် ဒီကိစ္စကအလွန့်အလွန် အရေးကြီးပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တစ်ခုတင်ပြချင်တာက FDA ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်ကတည်း ကနေစပြီးတော့ စလုပ်နေပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုမှာ မြို့နယ်ပေါင်း ၉၆ မြို့နယ်မှာ ကျောင်းပေါင်း ၄၁၀ ကို နမူနာ ၂၈၀၇ ခုယူပြီး စစ်တယ်။ စစ်တဲ့အခါမှာ ၄၅ ခုမှာ ဆိုးဆေးပါပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုမှာ မြို့နယ် ပေါင်း ၅၀ မှာ ကျောင်း ၁၅၂ ကျောင်းမှာ နမူနာပေါင်း ၁၀၈၆ ခုယူပြီးတော့ သိပ်မတွေ့တော့ပါဘူး။ ငါးခုပဲတွေ့တော့ပါတယ်။ သို့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပြန်များလာပါတယ်။ တိုင်းဒေသကြီး နှင့်ပြည်နယ်အားလုံး ၁၇ ခုလုံးမှာ မြို့နယ်ပေါင်း ၁၀၆ မြို့နယ်မှာ ကျောင်းပေါင်း ၃၁၉ ကျောင်းမှာ နမူနာပေါင်း ၂၁၇၆ ခုမှာ ၂၀ တွေ့ပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်ခြင်းသည် ဆိုးဆေးတစ်ခုတည်း လုပ်ခြင်းဖြစ်ပါတယ်။ အစားအသောက်မှာဆိုးဆေးတစ်ခုတည်းမကဘူး။ အများကြီးပါနိုင်ပါသေး တယ်။ ခုနက တပ်မတော်ဘက်ကပြောသွားတဲ့ Salmonella တို့အများကြီးပဲရှိပါတယ်။ E.Coli တို့ ဒါတွေကလည်း အလွန့်အလွန်အရေးကြီးပါတယ်။ ကျွန်တော်ဆိုလိုတာက နိုင်ငံတော်အဆင့်လုပ် မယ်ဆိုရင် ဆိုးဆေးတစ်ခုတည်းကို Emphasize မလုပ်ဘဲနဲ့ ကျန်တဲ့ဟာတွေ အကုန်ပါပြီးတော့ Food Safety Issue အနေနဲ့လုပ်မယ်ဆိုရင် ငွေကုန်ရကျိုးလည်းနပ်မယ်။ အရမ်းလည်းကောင်းပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ FDA အနေနဲ့ကတော့ Post Marketing Surveillance ကို ယခု ထက်ပိုပြီးလုပ်မယ်။ လူအင်အားတိုးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဒါတွေလုပ်နိုင်ပါတယ်။

နောက်ဆုံး ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မှာ MCC ခန်းမ(ရန်ကုန်)မှာ အစားအသောက်ဆေးဝါးနှင့်အလှကုန်များနှင့်ပတ်သက်၍ လူထုပညာပေးပွဲကြီး တစ်ခုကိုလည်း FDA ကဦးစီးပြီးလုပ်မယ်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က Food တွေကို အလကားလည်းစမ်းပေးပါ့မယ်။ အစားအသောက်ယူလာရင် ဘာတွေ ပါလဲဆိုတာစစ်ပေးပါ့မယ်။ ဒီ ၂၂ ရက်နေ့မှာလုပ်တဲ့ အစားအသောက်၊ ဆေးဝါး၊ အလှကုန် လူထုပညာပေးပွဲဟာ အလွန့်

အလွှန်အရေးကြီးပါတယ်။ သို့သော်လည်း ဒါဟာ ရန်ကုန်မှာပဲလုပ်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်မှာလည်း ဒါမျိုး အသေးစားလေးလုပ်မယ်ဆိုလို့ရှိရင် တစ်တိုင်းပြည် လုံးအနေနဲ့ အစားအသောက်နှင့်ပတ်သက်၍ မည်မျှအရေးကြီးကြောင်း၊ မည်မျှအန္တရာယ်ရှိကြောင်းကို သိမယ်ဆို လို့ရှိရင် ကျွန်တော်တို့ တစ်နိုင်ငံလုံးအနေနဲ့ အလွန့်အလွန်အရေးကြီးပါတယ်။ မဟုတ်လို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ အခုနကပြောတဲ့အတိုင်း ကင်ဆာ၊ Liver၊ ကျောက်ကပ်ရောဂါအမျိုးမျိုး၊ နှလုံးအစ အကုန်လုံး ဦးနှောက်အာရုံကြောရောဂါတွေဖြစ်လာရင် ဘယ်လိုမှပြန်လုပ်လို့မရတဲ့အတွက် National Health Emergency ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒေါက်တာဒေါ်အေဇင်လတ် တင်ပြတဲ့အဆိုကို နိုင်ငံတော်စီမံချက်ဖြင့်ဆောင်ရွက်ရန် လုံးဝထောက်ခံပြီး ကျွန်တော်တို့ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနကလည်း အစွမ်းကုန်ပါဝင်ပံ့ပိုးမည်ဖြစ်ကြောင်း ဖြေကြားရင်းနိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ အခုလို ၉-၁၂-၂၀၁၆ ရက်နေ့က ပြည်သူ့ လွှတ်တော်မှာ စတင် တင်သွင်းခဲ့တဲ့ ကျွန်မရဲ့အဆိုအပေါ်မှာ ဝိုင်းဝန်းဆွေးနွေးအကြံပေးကြပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးရဲ့ ဝိုင်းဝန်းဆွေးနွေး အကြံပြုချက်များကြောင့်မို့လို့ ကျွန်မရဲ့အဆိုမှာ ရည်ညွှန်းထားတဲ့ ကျောင်းမုန့်ဈေးတန်းများအပါအဝင် မြန်မာနိုင်ငံဈေးကွက် အတွင်းမှာရောင်းချလျက်ရှိသော ဆိုးဆေးပါ အန္တရာယ်ရှိစားသောက်ကုန်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်မတို့ မသန့်ရှင်းတဲ့၊ မစားသင့်တဲ့ စားသုံးဆီများ၊ ရောနှောဆီများ၊ ပြန်ကြော်ဆီများ အကြောင်းပါလာသလို ကျွန်မတို့ အန္တရာယ်ရှိတဲ့ သား၊ ငါး ကဏ္ဍကိုလည်း ထည့်သွင်းပြီးတော့ ဆွေးနွေးသွားတာ ကြားသိလိုက်ရပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ဆေးဝါးအတုများအန္တရာယ်၊ နောက်ပြီးတော့စိုက်ပျိုးရေးပစ္စည်းသုံး ဓာတုဆေးဝါးတွေကိုသုံးထားတဲ့ ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံများအကြောင်း ဆွေးနွေးသွားတာကိုလည်း ကြားသိရသလို ကျွန်မတို့နိုင်ငံမှာ ၁၉၇၂ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်မှာ ပြည်သူလူထုရဲ့ စားသုံးမှုကိုကာကွယ်ပေးထားတဲ့ ဥပဒေတွေ ရှိသော်ငြားလည်း ကျွန်မတို့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိတာကို ထောက်ပြပြီး ဆွေးနွေးသွားတာလည်း ရှိတဲ့အတွက်ကြောင့်မို့လို့ အလွန်ပင် ပြီးပြည့်စုံတဲ့အတွက်ကြောင့်မို့လို့

ဝိုင်းဝန်းဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ပါကြောင်း ကျွန်မက ပထမဦးဆုံးပြောလိုပါတယ်။ ဒုတိယအနေနဲ့ကတော့ ကျွန်မရဲ့အဆိုအပေါ်မှာ လာရောက်ဆွေးနွေးရှင်းလင်း ဆွေးနွေးဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျွန်မ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်မရဲ့ဒီအဆိုတင်မကဘဲနဲ့ ကျွန်မတို့မြန်မာနိုင်ငံရဲ့ ကျန်းမာရေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိတ်ရောကိုယ်ပါ အစွမ်းကုန် ဆောင်ရွက်နေတာကို ကျွန်မတို့အနေနဲ့ မြင်လည်းမြင်ရပါတယ်။ အားလည်းအားပေးနေပါတယ်။ လေးလည်းလေးစားလျက်ရှိပါတယ်။ အခု ကျွန်မရဲ့အဆိုနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးတဲ့အခါ မှာ ကျွန်မဟာ ကျောင်းမုန့်ဈေးတန်းနဲ့ ဆိုးဆေးပါ စားသောက်ကုန်များကို ရည်ညွှန်းပြောဆိုထားတာ ဖြစ်သော်ငြားလည်း ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒါကို ကျွန်မတို့ တခြားသော အန္တရာယ်ရှိစားသောက်ကုန်များအတွက်ပါ ဒီ Food Safety Issues အတွက်ကို ပြောသွားတာကို ကြားသိရတဲ့အတွက် ကျွန်မအနေနဲ့ ထောက်ခံပါတယ်။ ကြိုဆိုပါတယ်။ လက်လည်းလက်ခံပါတယ်။ နောက်ပြီးတော့ ကျွန်မရဲ့ ဒီ နိုင်ငံတော်အဆင့်စီမံချက်ရေးဆွဲအကောင်အထည်ဖော်ပြဋ္ဌာန်းပြီး ဒီအဆိုမှာ ဒီနိုင်ငံတော်အဆင့်စီမံချက်ရေးဆွဲလိုက်မယ်။ ပြီးရင် ကျွန်မတို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် State and Region အလိုက် ပြန်ပြီးတော့ စီမံချက်တွေထပ်ဆွဲပြီး ဆောင်ရွက်မယ်ဆိုတာကိုလည်း ကျွန်မအနေနဲ့ သဘောတူလက်ခံပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးကနေပြီးတော့မှ ပိုမိုပြည့်စုံအောင်မို့လို့အတွက် အတည်ပြုပေးပါရန် သဘောထားမှတ်ချက်ပြန်လည်ပေးပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်အေဇင်လတ် ရွှေဘိုမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဆိုအား အတည်ပြုဖို့ ထောက်ခံရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းဆွေးနွေးပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဒေါ်အေဇင်လတ်တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် သောကြာနေ့ နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၃း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်